ပဋ္ဌာန်းတရားနှင့်ရွှေပုပ္ပါး



ဓမ္မဒါန

၁၄၃၇၈

ပဋ္ဌာန်းတရားနှင့် ဖဿပုပ္ပါး

သုဓမ္မဝတီစာပုံနှိပ်တိုက်။
အမှတ် ၅၃ - စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၄၁ - ခု။

ထုတ်ဝေသူ— အသျှင်မေဓာဝီ
ကုမာရော-ရာမတိုက်
တောင်ကလပ် ပုပ္ပါး၊
ကင်းလွတ်ခွင့်အမှတ် (၁၅၅)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၄၀၆)

ပုံနှိပ်သူ— ဦးသိန်းဝင်း မှတ်ပုံတင် အမှတ် (၀၂၁၅၅)
သုဓမ္မဝတီစာပုံနှိပ်တိုက်
၅၃ - မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

အုပ်ရေ ၃၀၀၀။ ပဉ္စမ အကြိမ်။

၁၃၄၁-ခုနှစ်၊ တပေါင်းလ

ဓမ္မဒါန

မျက်နှာဖုံးရိုက် သုဓမ္မဝတီစာပုံနှိပ်တိုက်။

အမှာစာ

ဤစာအုပ်ငယ်ကလေး၏ အမည်ကို ပဋ္ဌာန်းတရားနှင့် ရွှေပုပ္ပါး ဟု အမည်ပေးလိုက်ရခြင်းမှာ ကျွန်ုပ်တို့၏ကျေးဇူးတော်ရှင်ပုပ္ပါး ဖိုလ်ဝင် သာသနာပြုဆရာတော် ဦးကုမာရသည် မူလခရစ်ယာန် ဘာသာမှ (၂၈)နှစ်သား အရွယ်တွင် ဗုဒ္ဓဝါဒီသို့ ကူးပြောင်း လာပြီး သာသနာတော်ကို အလွန်ကြည်ညိုလေးစားလှပေ၏။

သာသနာတော်ကို ကြည်ညိုရာတွင်လည်း ပရိယတ်သာသနာ တော်ကို အလွန်အမင်းလေးစား အားထားသူဖြစ်လေရာ သာ သနာတော်၏ မူလဘူတ ရေသောက်မြစ် သဘွယ်ဖြစ်သော ပရိ ယတ် သာသနာတော်ကို တိန်ကော, ပျောက်ကွယ် သွားမည်ကို လည်း အလွန်စိုးရိမ်ပူပန်ပေသည်။ နိုးစပ်ရာ မိမိ၏ ဆရာသမား များထံ၌ ပရိယတ္တိသာသနာတော်၏ အခြေခံအကြောင်းများ နာခံမှတ်သား ရသောအခါ၌လည်း သာသနာကွယ်ပရာတွင် ပဋ္ဌာန်းတရားတော်သည်အစဆုံးကွယ်ပပေလိမ့်မည်ဟု ပြောဟော ပြသချက်အရ ပဋ္ဌာန်းတရားတော်ကြီးကို လွန်စွာပင် ကြည်ညို လေးစား အားထားခဲ့ပေသည်။

ဤသို့ ကြည်ညိုနေကာမျှဖြင့် အားရနှစ်သက်မှု မရှိလှပေသေး၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံ ဆရာတော်ဘုရားအား စာသင် သား ရဟန်းသာမဏေတို့ကို နွေကာလ စာမေးပွဲပြီး ချိန်တွင် ပုပ္ပါးတောင်ကလပ်သို့ ကြွရောက်ပြီး ပဋ္ဌာန်းစာဝါ ပို့ချပေး တော်မူပါရန် လျှောက်ထားတောင်းပန်ခဲ့လေသည်။

ထို့ကဲ့သို့ လျှောက်ထားတောင်းပန်ပြီး စာချ,စာသင်သံဃာတော်များအတွက် ဆွမ်း, ကွမ်း ကိစ္စအဝဝတို့ကို ဆရာတော်ဦးကုမာရက တာဝန်ယူလျက် စာသင်သံဃာတော် နှစ်ရာ့ငါးဆယ်ကျော် သုံးရာတို့အား ထိန်းသိမ်းအုပ်ချုပ်ပေးရန်။

(၁) ရွှေဘိုမြို့ ရန်ကြီးအောင် ဆရာတော်။

(၂) မန္တလေးမြို့ ဘုရင်ဆရာတော်။

(၃) စစ်ကိုင်းတောင်ရိုး ဒီပါဒေးမြဲ ဆရာတော်။

(၄) တံတားဦးမြို့ ဂိုဏ်းထောက်ကျောင်း ဆရာတော်။

(၅) မန္တလေးမြို့ မိုးတားတိုက် ညောင်ဇင်ကျောင်း ဆရာတော်။

(၆) ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် "ဂဏဝါစက" စာချ ဆရာတော် ဦးပညာနန္ဒ။

၎င်းဆရာတော် ခြောက်ပါးမှ တာဝန်ယူလျက် ၁၃၂၂-၂၃-၂၄-ခု၊ ကဆုန်လဆန်း (၁) ရက်နေ့မှ နယုန်လပြည့်နေ့အထိ လေးဆယ့်ငါးရက်တိုင်တိုင် ပဋ္ဌာန်းသင်တန်း စာဝါများကို သုံးနှစ်ပတ်လုံး ပို့ချပေးတော်မူခဲ့လေသည်။

ကျေးဇူးရှင်ဆရာတော်ဦးကုမာရ မရှိသည့်နောက်ပိုင်း ပဋ္ဌာန်းတရားကို စာဝါသင်တန်းအဖြစ် မဆောင်ရွက်နိုင်ခဲ့ကြတော့ပေ၊ သို့ရာတွင် ပုပ္ပါးတောင်ကလပ်ရှိ သာသနာ့ပြုဌာနမှစပြီး ဖိုလ်ဝင်တောင်, ထောက်ကြန့်, ထန်းဇလုပ်စသော သာသနာ့ပြုဌာနအားလုံးတွင် အသံမစဲ ပဋ္ဌာန်းရွတ်ဘတ် ပူဇော်ပွဲကို ကိုးရက်,

ခုနစ်ရက်, ငါးရက်, သုံးရက်စသည် တတ်နိုင်သမျှ နှစ်စဉ်ပေါင်းစု ဆင်နွှဲခဲ့ကြပါသည်။

အထက်ပါအကြောင်းအချက်များအရ ယခင်မှ ယခုအချိန်အထိ ပဋ္ဌာန်း နှင့် ပုပ္ပါး နီးစပ်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ စာမူများမှာ ကျေးဇူးရှင် ပုပ္ပါးဖိုလ်ဝင် ဆရာတော်၏ မေတ္တာ- သမထ- ရွှေလမ်းစဉ်နှင့် ကျွန်ုပ်၏ မွေးလ, မွေးရက်, မွေးနေ့ အနန္တငါးပါး ပူဇော်ပွဲ၌ ရေးသားဂုဏ်ပြုလွှာများ မပျောက်ပျက်စေရန်နှင့် အထူးသဖြင့် ဆရာကြီး-ဒဂုန်ဦးစန်းငွေ၏ လက်ရာစာမူကလေးများကို ထိန်းသိမ်းထားလိုသော အာသာဆန္ဒအရ ဖြည့်စွက် ထည့်သွင်း ထားခြင်းမျှသာဖြစ်ပါသည်။

စာရှုသူသည် အထက်ပါစာကြောင်းများ ဘတ်ပြီးလျှင် ပဋ္ဌာန်း နှင့် ပုပ္ပါး, ယနေ့အထိ "အညမည" ဖြစ်နေကြောင်း ပေါ်လွင်ထင်ရှားလာမည်ဟု ယူဆနိုင်ပါသည်၊ သို့အတွက် ဤစာအုပ်ငယ်ကိုလည်း ပဋ္ဌာန်းတရား နှင့် ရွှေပုပ္ပါးဟု အမည်ပေးလိုက်ရပါတော့သတည်း။

အသျှင်မေဓာဝီ

ဦးစီးအုပ်ချုပ်မှု-တာဝန်ခံ၊

ကုမာရာ ရာမတိုက် ပုပ္ပါး ကလပ်။

မာတိကာ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁။	ပလ္လင်ဖွင့် အောင်ဂါထာ	၁
၂။	အောင်တော်မူဘုရားပင့်	၄
၃။	အခမ်းအနားဖွင့် ကန်တော့လွှာ....	၇
၄။	ရောင်ခြည်တော်ဘွဲ့ ပဋ္ဌာန်းအမွန်း	၉
၅။	ပဋ္ဌာန်း အမေး	၁၂
၆။	ပဋ္ဌာန်း အဖြေ	၁၉
၇။	ပဋ္ဌာန်းအခါတော်ကြား ဂါထာတော်ကြီး....	၃၃
၈။	ပဋ္ဌာန်းဒေသနာတော်ကြီး အကျိုး	၃၅
၉။	မကိုဋ်ထွတ်ဦး အောင်ဆုထူး ဘုရားရှိခိုး	၄၂
၁၀။	ပဋ္ဌာန်းဥဒ္ဒေသပါဠိတော်	၄၄
၁၁။	ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိ	၄၆
၁၂။	၂၄-ပစ္စည်း အဓိပ္ပါယ်အကျဉ်း	၆၄
၁၃။	ကိုးပါးသီလ	၇၂
၁၄။	ရွှေလမ်းစဉ် မေတ္တာပို့	၇၄
၁၅။	မေတ္တာပို့ဂါထာ	၇၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၆။	အနန္တငါးပါး အထူးပူဇော်ပွဲ	၇၀
၁၇။	ထုတိမင်္ဂလာ ပန်လျှောက်လွှာ	၇၃
၁၈။	အာစရိယဂုဏဝန္ဒနာ ရစနာဂါထာ	၇၇
၁၉။	ထုတိမင်္ဂလာ ရတုပိုဒ်စုံ	၉၀
၂၀။	ထုတိမင်္ဂလာ ဩဘာစာတမ်း	၉၂
၂၁။	အနန္တငါးပါးပူဇော်ပွဲ အခမ်းအနားဘွဲ့ တေးထပ်....	၉၇
၂၂။	တောင်ကလပ်မှာ ခြိမ့်ခြိမ့်ညံ့ ဘာသံတဲ့လေး	၉၉

မာတိကာ ပြီးပြီ။

ပဋ္ဌာန်းတရားနှင့်ဇရှုပ္ပါး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပလ္လင်ဖွင့်အောင်ဂါထာဖြင့်

အခမ်းအနား ဖွင့်ရန်

ဗောဓိမူလေ ပလ္လင်္ကမှိ၊ မာရံသသေနအာဝုဓံ။
ဂဟေတွာ ပါရမိံ ခဂ္ဂံ၊ ယော ဇိနာတိ ဇယုဿဝေါ။
သဗ္ဗေ ဝေရိ ပဟန္တွာန၊ သော နော ဒေတု ဇယံ ငရံ။

ဇယုဿဝေါ - လောကဓာတ်တိုက်ခရိုင်မှာ ဘယ်သူဘဲပြိုင်ပြိုင် အောင်နိုင်စွာ ပွဲဖွင့်၍ ရရင့်တဲ့ သတ္တိထူးဖြင့် အောင်ပွဲမှူးဖြစ်တော်မူပါပေထသော၊ ယော ဇိနော - အောင်ပွဲကြီးရဲ့ သခင် အကြင်သို့သောဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဗောဓိမူလေ - မြေပြား ဦးကိုင် မဏ္ဍိုင်သိရိ ဗောဓိသစ်မင်း ပင်ခြေရင်း၌၊ ဗောဓိမူလေ- တလှုပ်လှုပ်ယိမ်း ထိုထို စိမ်းစိုစို အကိုင်းအခက်တို့ဖြင့် ဝိုင်းစက်ကြွစီး မြထီးအသွင် မြတ်သောဗောဓိသစ်မင်း ပင်ခြေရင်း၌၊

ပလ္လင်္ကမှ - နဝရတ်ကိုးသွယ် ဖြိုးကြွယ်ပြောင်လျှမ်း လောင်ခမန်း လင်းထိန်၍ နဝင်းအိမ်စက်ပန်းဖြင့် တင့်လှမ်းစံတော်မူရာ ရတနာအမြုတေ ကျက်သရေညွတ်ရှုံး အထွတ်ဆုံးမှန်ပေသော ပလ္လင်ဗွေဋ္ဌာန၌၊ နိသိန္နော - လေးသစ္စာဖူးခိုင်ကို ခူးနိုင်အောင် ခူးမည်ဟု ရည်စူးချက်အဓိဋ္ဌာန်ဖြင့် စိတ်သန်သန် စံနေတော်မူလျက်၊ သသေနအာဝုဓံ - ဝဲယာရှေ့နောက် တောင်ကြီးတွေပေါက်သလို ဘယ်ကလောက်အင်အား ကုဋေပေါင်း ဘယ်မျှများသည်ဟု တွက်သားမရနိုင်စဘွယ် ကြီးကျယ်ငြိမ့်ခြောင်း စစ်သည်ပေါင်းနှင့် အစောင်းထက်မြက် လက်နက်အစုံအစုံ မီးကုန်ယမ်းကုန် စွမ်းဟုန်နှင့်တကွ ချီတက်၍လာသော၊ မာရံ- လောကဓာတ်တခွင်လုံးကို သိမ်းကျုံးကာ စိုးပိုင်၍ ငါ့ က်ကိုင်လုပ်မည်ဟု ယုတ်မာတဲ့ အကြံအားဖြင့် မာန်ပွားတောက်လောင် မာရ်နတ်မိုက်အယုတ်ကောင်ကို၊ ပါရမီ ခဂ္ဂံ - တသိန်းနှင့်လေးသင်္ချေ ဘဝတိုင်းပျက်မသွေအောင် အထွေထွေဆည်းပူး၍ ဖြည့်ဘူးတဲ့မဟာဝသီ ပါရမီထက်မြက် လက်သုံးတော်စိန်သန်လျက်ကို၊ ဂဟေတွာန - ရန်မူဘို့ပြိုင်လာလျှင် အနိုင်သာခွင်းမည်ဟု ရဲတင်းစွာ စွဲကိုင်တော်မူပြီးသော်၊ ဇိနာတိ – ခုတ်ထွင်ဖြတ်ပိုင်း၍ အလိုရှိတိုင်း အောင်မြင်တော်မခဲ့ပါပေ၏၊ သော ဇိနော - ဗောဓိပင်ခြေ ပလ္လင်ဗွေဝယ် အသင်္ချေမာရ်ဂိုဏ်းကို ခုတ်ပိုင်းဖျက်ချိုး၍ စက်တန်ခိုး ဖွင့်တော်မူသော ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ သဗ္ဗ ဝေရီ– အတွင်းရန် အပြင်ရန် ဘေးဒဏ်အန္တရာယ် အသွယ်သွယ်ရှိသမျှ အနိဋ္ဌအလုံးစုံတို့ကို ပဟန္တွာန - ကိုယ်တော့ တန်ခိုး စွမ်းကုန်နှိုး၍ ဖျက်ချိုးပယ်လှန်လျက် နယ်ကန်တော်မူပြီးသော်၊ နော - အမှာကံ - အသံမစဲ ပဋ္ဌာန်းပွဲသဘင် စီစင်ဆောင်ရွက် အောင်ဂေဇက်

ကို ပြောင်လက်လိုငြား ဘုရားတပည့်တော် သံဃာတော်အများ တို့အား၊ ဝရံ- ကြုံခဲ့တွခဲ ရခဲဘိတောင်း အကောင်းဆုံးထူးချွန်၍ အမွန်မြတ်ဆုံးဖြစ်သော၊ ဇယံ - အတွင်းရန် အပြင်ရန်တို့ကို ပစ္စုပ္ပန်မှာလဲအောင် နောင်အခါလဲ အနိုင်ရဖြစ်လေရာ ဘဝါ- ဘဝမှာ မဟာဇယဆိုတဲ့ အောင်ပွဲကြီးကို၊ ဇယံ ဝရံ - အောင် ဘေရီဆော် အောင်မောင်းကျော်၍ အောင်တော်မူမြဲ အောင် စေပွဲ၌ အောင်မြဲမင်္ဂလာ အောင်ရတနာဖြင့် အောင်ချမ်းသာ ဟူသမျှ အောင်သုခကြီးကို၊ ဒေတု - ကရုဏာတော်ဘုရား ရှေး တော်မှာထားလိုမို့ ပေးသနားတော်မူပါ အောင်တော်မူမြတ်စွာ ဘုရား၊ ဒေတု - သနပြေအနု ငွေခရုနှင့် ဇေယျတုပုံ မေရုတုန်အောင် အဖုံဖုံအမှုအေးစေဘို့ ပြုပေးတော်မူပါ အောင်တော်မူမြတ်စွာ ဘုရား။

အောင်တော်မူဘုရားပင့်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဇယစက္ကော ဇယန္တော ယော၊ ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊ ဇိနော မေ ဌာတု သိဿကေ။

ဇယစက္ကော - အောင်ရာအောင်ကြောင်း အောင်ဖမောင်း လက်နက် အောင်စက် ရတနာလည်းရှိတော်မူပေထသော၊ ဇယာသနေ - ဗောဓိညောင်ရွှေ ရောင်မဟောဟု အောင်မြေတင့်ဆန်း ပလ္လင်နန်း၌၊ ဇယိတဗ္ဗေ - အောင်အပ်အောင်သင့် အောင်ထိုက်ပါကုန်သော ဒေဝပုတ္တ ကိလေသနှင့် ခန္ဓ မစ္စု အဘိသင်္ခါရဟု ဆိုအပ်သော ငါးဝအယုတ် မာရ်ခလုတ်တို့ကို၊ ဇယန္တော - အနုမြူဗုံး ဒုန်းပျံဂိုဟ်တု အသုံးမပြုဘဲ ပါရမီစက်ဟုန် လက်နက်စုံဖြင့် ချက်ကုန်မလွဲ ပွဲတိုင်းမရှောင် နွဲတိုင်းပင် အောင်မြင်တော်မူပါပေထသော၊ယောဇိနော-အယုတ်တကာ့ဘုရင်ဟုအဆိုးမျိုးထုတ်အပ်သဖြင့် ဗုဒ္ဓဘုရင်ကို မလိုချိုးလုပ်ချင်တဲ့ အလိုဆိုးပုပ် မာရ်နတ်ယုတ်ကြီးကို အောင့်မြင်တော်မူခဲ့ပါသော အကြင်အောင်တော်မူ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ ဇယေသိနံ - အောင်ရာအောင်ကြောင်း အောင်မောင်းလက်နက် အောင်စက်ရတနာကို ရှာမှီးကြပါကုန်သော လူနတ်ဗြဟ္မာ သတ္တဝါအများတို့အား၊ ဇယေသိနံ· အောင်နန်းရိပ်မြုံ အောင်ကြငှန်းနှင့် အောင်နန်းဘုံကို ခိုလှုံဆိုက်အောင် လိုက်၍မကွာ ရှာဖွေကြပါကုန်သော ဝေနေယျကြာ သတ္တဝါအများတို့အား၊ ဇယာပေသိ - အောင်စေဘို့တွေး အောင်နည်းပေးလျက် အောင်ရေးရှာမျှော် အောင်အလင်းကို ဆောင်ကျင်းတော်မူခဲ့စေပါပြီဘုရား၊ ဇယာပေတွာန-

အောင်စေဘို့တွေး အောင်နည်းပေးလျက် အောင်ရေးရှာမျှော် အောင်အလင်းကို ဆောင်ကျင်းတော်မူခဲ့ပြီး၍၊ ယသို့ ကာလေ- အကြင် (၇)ဝါ မြောက် ကြွရောက်တော်မူရာ အခါတော် ကာလ သမယ၌၊ တာဝတိံသေ - ရှစ်သောင်းလေးထောင် နှစ်ပြန့်ဆောင်သည့် မြင်းမိုရ်တောင်မား ဗွေထိပ်ဖျားဝယ် သိကြားစံရာ တာဝတိံသာနန်း ဘုံကြငှန်း၌၊ ပါရိစ္ဆတ္တကမူလေ- အမြင့်ယူဇနာ(၅၀)အပြန့်ကျယ်သော ပင်လယ်ကသစ်ပင်မင်း၏ အနီးအပါး၌ ခင်းထားအပ်သော၊ သိလာယံ ပဏ္ဍုကမ္ဗလေ- အလျားယူဇနာ(၆၀) အနံယူဇနာ (၅၀) ထု (၁၅)ယူဇနာ ပမာဏ လဲ့ဝါဂွမ်းမကာ သိမ်မွေ့နူးညံ့လှစွာသော အသွေး လယ် ခေါင်ရမ်းကဲ့သို့ နီမြန်းသော အဆင်းရှိသည့် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထွေချက် နေရာတော်ထက်၌၊ နိသီဒိတွာန - အဘိ ဓမ္မာတရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးမည်ဟု ရည်စူး ချက်အဓိဋ္ဌာန်ဖြင့် စိတ်သန်သန်ကြံနေတော်မူလျက်၊ မာတရံ - နတ်ခေတ်ရှင်ပျော် မြတ်မယ်တော်ကို၊ ပမုခံ ကတွာ- နို့ချိုတိုက် ကျွေး မွေးခဲ့ပေဘူး ကျေးဇူးတော်အနန္တ ကျေပါစေကြံဆ၍ အနန္တမြူးရှင် အကြီးအမှူးအဖြစ်ကိုတင်လျက်၊ အဘိဓမ္မကထာ မဂ္ဂ - အဘိဓမ္မာ တရားရေအေး အမြိုက်ဆေးကို၊ ဒေဝါနံ- တိုက်ဟသောင်းမှ ဆိုက်ညှောင်းလာကြွား နတ်ဗြဟ္မာအများတို့ အား၊ ဒေသေန္တော - ပတ္တမြားမျက်ရှင် လက်ပေါ်တင်သို့ ထင် ထင်ရှားရှား မြင်မှားရအောင် သင်ကြားပြသတော်မူခဲ့ပါပေ ဟသော၊ ဆဗ္ဗဏ္ဏရံသီ - အညိုတဖြာ အဝါဘလီ အနီတဆူ အဖြူတကြောင်း အမောင်းတချက် ပြိုးပြက်ငွားငွား ခြောက်ပါး ရောင်ဆိုင် အပြိုင်ပြိုင်ကို စိုးပိုင်ရရှိတော်မူပါပေထသော၊ ပဥ္စာနံ - အနုပ္ပကမ်း နည်းစုံပြွမ်းသည့် ကမ်းမမြင်ကျယ် ကျမ်းပင်လယ်မို့

နုနယ်သူညဏ်မှီသမျှပင် ကြံစည်၍မရနိုင်လောက်အောင် ဂမ္ဘီရ အရာ ပထမတန်း မဟာပဋ္ဌာန်းဆိုတဲ့ ရွှေကျမ်းတော်ကို၊ သမ္မ သမ္ဗော - ဂမ္ဘီရခက်အခဲကို ဉာဏ်ဝဇီရလက်စွဲဖြင့် ဖျက်ခွဲဆုံးဖြတ် ၍ သုံးသပ်ဆင်ခြင်တော်မူပါပေထသော၊ ဇယတ္တရော - အောင် သူတကာတို့ထက် ဆထက်ထောင်ရာ မကသာအောင် လွန်စွာ မြင့်မြတ်တော်မူပါပေထသော၊ သော ဇိနော - အယုတ်တကာ့ ဘုရင်ဟု အဆိုးမျိုးထုတ်အပ်သဖြင့် ဗုဒ္ဓဘုရင်ကို မလိုချိုးလုပ်ချင်တဲ့ အလိုဆိုးပုပ် မာရ်နတ်ယုတ်ကြီးကို အောင်မြင်တော်မူခဲ့ပါပေ သော ထိုအောင်တော်မူ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည်၊ မေ - အသံမစဲ ပဋ္ဌာန်းပွဲသဘင် စီစဉ်ဆောင်ရွက် အောင်ဂေဇက် ကို ပြောင်လက်လိုသည့် ဘုရားတပည့်တော်၏၊ သီသကေ - ဆံပင် ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်းတွင်ခေါ် တောင်ထင်ရှုပေါ်၍၊ ဌာတု - ပဋ္ဌာန်းဉာဏ်သွား ဈာန်ကစားလျက် တန့်နားကိန်းဝပ်တော်မူလှဲ့ပါ့ သုံးလောကကျော်ဆောင် ရွှေဘုန်း ခေါင် ကိုယ်တော်မြတ်ကြီးဘုရား။

အခမ်းအနားဖွင့်စဉ်

မျှော်ချင့်ပဏာ ကန်တော့လွှာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

တိဒသမှိ ယထာ ဌာယီ၊ ဆဗ္ဗဏ္ဏောဟိ သုမဏ္ဍလီ။
ဣဒံ မယော တထာ ကန္တိ၊ သံသုဒ္ဓ ဗုဒ္ဓကေသရီ။

သံသုဒ္ဓဗုဒ္ဓကေသရီ - လွန်စွာရစ်ထွေး အပြစ်လေးလှသော အညစ်အကြေးဟူသမျှတို့ကို မြူတမျှမကျန်ကြွင်းရအောင်သန့်ရှင်း သုတ်သင်တော်မူနိုင်သဖြင့် ပိုင်ပိုင် ယူကျုံး အဖြူဆုံးဟု မန္တန်း ကဲသွန် ဟေမဝန်ရဂုံမြို့ဌ် စုံမချို့မာရ်အဟုန်တို့ဖြင့် ရန်သူပုန် ဝင်ဝေ့မညှဉ်းနိုင်သည့် ခြင်္သေ့မင်းကေသရီနှင့် သေ့တညီပမာ သွားရသည့် ဘုရားရှင်ကိုယ်တော်မြတ်သည်၊ဆဗ္ဗဏ္ဏောဟိ ညိုတကန့် ဝါတလီ ဖြူအနီညိုးမပျက်ဘဲ ပြိုးပြိုးပြက်မှိုင်းမှုန်မှုန်ဟု ဝိုင်းအုံ လှည့်ယှည် မြူးကွန့်စည်သော ရောင်ခြည်တော်ခြောက်သွယ်တို့ ဖြင့်၊ သုမဏ္ဍလီ - ရောင်စုံညီးညီး ရွှေတောင်ကြီးကို ရွှေဆည်း ဆာရောင် ပြောင်ပြောင်ဝန်းသွယ် လျှပ်ပန်းစုံခြယ်သကဲ့သို့ တင့်တယ်တော်မူလှသော ရူပကာယကို ပသာဒစက္ခုဖြင့် ကြည့်ရှု ရန် မဝ့ံအောင် တလွန့်လွန့်တရှိန်ရှိန် တထိန်ထိန် တလက်လက် ဖြင့် ပေါင်းယှက်သန့်စင် ကောင်းစွာတန်ဆာဆင်တော်မူလျက်၊ တိဒသမှိ- သိကြားမင်းစံရာ ဝတိန်သာအတွင်း ပင်လယ်ကသစ်ပင် ရင်းဝယ်ခင်းထားသည့်နေရာ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက် ဌ ဌာယီ ယထာ- နတ်ပြဟ္မာတို့၏ကျက်သရေကို ပျက်စကြွအောင် မိနှင်းသို့ တင့်လင်းသောအသရေဖြင့် ဣနေ္ဒြနိုင်ကြည်လျက် ခနေတော်မူသည့်အလားသို့၊ ဣဒံ ဗုဒ္ဓဗိမ္ဗ - သိကြားစံရာ ဝေဇယန်

သို့ ပုံဟန်စံသွင်း စိမ်ကျင်းသည့် ဤ(မဏ္ဍပ်) ဓမ္မသဘင်ခန်းမကြီး အတွင်း၌ တဝင်းဝင်း ဝါလက်လက် ရောင်မျိုးစုံရောယှက်သဖြင့် နှစ်သက်ဘွယ်ဆို ကြည်ညိုဘွယ်ထင်ရှား ဘုရားမြတ်ကိုယ်တော်စား ဤရုပ်ရှင်တော်မြတ်ဘုရားကို၊ ကန္တိ - ရှင်မော ရှင်ပျကုသိုလ်ဟုန် ဇောကြွသဖြင့် သောမနဿပီတိ စိရရီရှိဖြိုး ဘုရားတပည့်တော် များသည်၊ တထာ - ထိုရောင်ခြောက်သွယ် ဝန်းလျှည့်လျက် ရွှန်း အိအိသိရ်ိသမ္ဘာနှင့် ဝတိန်မှာ ဘိဓမ္မာ (ပဋ္ဌာန) ဟောပါသည့် မြတ်ရှင်စေါပမာသွင်လို၊ မညေ - ဟိုအခါ ထင်ရှားရှိခဲ့သည့် အရှင်ဘုရား၏ သဏ္ဌာန်တော်ဟု အမှန်မှော်ခါ အစဉ်တွေးတွေး ပြီး ထင်တာရေးရေး ရှိပါတော့သည်ဘုရား။

ရောင်ခြည်တော်ဘွဲ့ ပဋ္ဌာန်းအမွှန်း

၁။ နီလာ နီလာ နိစ္ဆရန္တိ၊ ပိတာ ပီတာ စ ရံသိယော။
လောတိတာ လောဟိတာ စာဘာ၊ ဩဒါတောဒါတ
ရံသိယော။

၂။ တမ္ဗာ တမ္ဗာ စ မဉ္ဇိဋ္ဌာ၊ ပဘာသန္တိ ပဘဿရာ။
ဇိနံ ဆဗ္ဗဏ္ဏရံသီ ယော၊ ဌာတု မေ ဘဂဝါ သိရေ။

၁။ ပဋ္ဌာနံ - အနုပ္ပကမ်း နည်းစုံပြွမ်းသည့် ကမ်းမမြင်ကျယ် ကျမ်းငင်လယ်မို့ နူနယ်သူဉာဏ်မှီသမျှပင် ကြံစည်၍မရနိုင်လောက်အောင် ဂမ္ဘီရအရာပထမတန်း မဟာပဋ္ဌာန်းဆိုတဲ့ ရွှေကျမ်းတော်ကြီးကို၊ သမ္မာသမ္ဗုဒ္ဓ - ဂမ္ဘီရခက်အခဲကို ဉာဏ်ဝဇီရလက်စွဲဖြင့် ဖျက်ခွဲဆုံးဖြတ်၍ အနုလုံပဋိလုံ အစုန်အဆန် အဖန်ဖန် သုံးသပ် ဆင်ခြင်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏၊ နီလာ-ဆံတော်မုတ်ဆိတ်တော် မျက်ဝန်းတော်တခို စိမ်းညိုသော အရပ်ဌာနမှ နီလာ - ကြာညိုခွါညို ရတနာအညိုကဲ့သို့ စိမ်းတစိုစို မြသားလုံဖြင့် ညိုမှောင်သောရောင်ခြည်တော်တို့သည်၊ နိစ္ဆရန္တိ - နေ အထောင် လ အထောင် ဗြဟ္မာနတ်အရောင် ရတနာနဝရတ် အရောင်တို့ကို ထိပ်ခေါင်ကလွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဘွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏။

ပီတာ စ - သိင်္ဂီရွှေလျော် အရေတော်မှလည်း၊ ပီဘာ - မဟာလျှကား ရွှေစကားနှင့် ရွှေသားရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော၊ ရံသိယော - ဝါရောင်ဝင်းလျှပ် ရွှေသော ရောင်ခြည်တော်ခတ်တို့သည်၊ နိစ္ဆရန္တိ - ကုန်၏၊ လောဟိတာ- အသားတော်လျှာတော် နှုတ်ခမ်းတော်နှင့်ခြေတော်ဘဝါး လက်ဘဝါး

စသော ကိုယ်တော် အစိတ်အစိတ်မှ၊ လောဟိတာ - ခေါင်ရမ်း နှင်းဆီကမ္ဗလာနီနှင့် ကြာနီအလား ပတ္တမြားအဆင်းရှိကုန်သော၊ အာဘာ- နီရောင်ဝင်းလျှပ် နီသေးရောင်ခြည်တော်မာတ်တို့သည်၊ နိစ္ဆရန္တိ-လေကုန်၏၊

ဩဒါတာ - စွယ်တော်သွားတော် မျက်ဖြူတော်အစုံ ဥဏ္ဏလုံ မွေးရှင်တော်မာတ်မှ၊ ဩဒါတရံသိယော - စံပယ်ကြက်ရိုး ဇွန် ပန်းကုံးနှင့် ငွေထုံးဘော်ဆိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော် ဘွဲ့ဖြူနှင့် ကြာဖြူပန်းအသွေးကဲ့သို့ ဖြူဖွေးစင်ကြယ်သော ဖြူသော ရောင်ခြည်တော်မာတ်တို့သည်၊ နိစ္ဆရန္တိ - လေကုန်၏။

၂။ တမှာ တမှာ - အထက်ဆံဖျားတော် တလျှောက်မှ အောက်ခြေဘဝါးတော်တခို ထိုထိုထိုထို ကိုယ်တော် အစိတ် အစိတ်မှ၊မဉ္ဇိဋ္ဌာ စ- ခရမ်းသွေးအရောင် မရမ်းသွေးအရောင် ဟဝေ ဝေ တပြောင်ပြောင်သပြေရောင်အဆင်းကဲ့သို့ ထိန်လင်းညိုမောင်း သော ရောင်ခြည်တော်တို့သည်ရင်း၊ ပဘဿရာ စ - နှတ်မီး အမှေင် လျှပ်ဇည်းအရောင် ရတနာမျိုးစုံအရောင် ကြာမျိုးစုံ အရောင် ထိန်ပြောင်ငင်းလက် ကျက်လျှာပုံစိန်ရောင် ထွက် သကဲ့သို့ ရိုးရိုးရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည် ၎င်း၊ ပဘာသန္တိ - နေအထောင် - (လ) လေကုန်၏။ ဇဝ - ဤရောင်ခြည်ခြောက်သွယ် ဂုဏ်တော်အထူးကို ချီးကျူးဖွင့်ဆိုခဲ့ သည့်အတိုင်း၊ ဆဗ္ဗဏ္ဏရံသိ - အညိုတဖြာ အဝါတလီ အနီတသူ အဖြူတကြောင်း အမောင်းတချက် ပြိုးပြက်ငွားငွား ခြောက်ပါး ရောင်ဆိုင် အပြိုင်ပြိုင်ကို စိုးပိုင်ရရှိတော်မူပါပေထသော၊ ဘဂဝါ- ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူညွှတ်ရိုး အထွတ်ဆုံး လည်းဖြစ်တော်မူ၂ါပေထသော၊ သော - ထိုသုံးလောကညွှန့်ဖူး နိဗ္ဗာန်မှူး ဖြစ်တော်မူပါပေသော ရှင်တော်မြတ်ဘုရားသည်၊

မေ·အသံမစဲ ပဋ္ဌာန်းပွဲသဘင် စီစဉ်ဆောင်ရွက် အောင်ဂေဇက်ကို ပြောင်လက်လိုသည့် ဘုရားတပည့်တော်၏၊ သီရေ - ဆံပင်ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်းတွင်ခေါ် တောင် ထွင့်ပေါ်၌၊ ဌာတု - ပဋ္ဌာန်း ဉာဏ်သွား ဈာန်ကစားလျက် တန့်နား ကိန်းဝပ်တော်မူလှဲ့ ပါသုံးလောကကေသျှောင် ရွှေဘုန်း ခေါင် ကိုယ်တော်မြတ်ကြီးဘုရား။

ဘဂဝန်ဘုန်းလှိုင် နှုန်းပြိုင်တုကင်း အဘက်ကွာ၍ စကြာမင်း အစစ် ဖြစ်ကြီး·ဖြစ်တော်မူသော တိဘဝပါရဂူ သယမ္ဘူရှင်တော် မြတ်ဘုရားသည် ငါးပါးမာရ်နှင့် ပလ္လင်ဗွေထွတ် မြေတမွတ်ဝယ် ရွှေဝတ်လွှာမှုံ ကြာပဒုံသို့ အစုံလေးလီ ခိုင်နှင်းဆီကို လှမ်းမှီသွတ် ချွေ၍ ကရွတ်ခွေဝင့်စက်မှ လွတ်ထွက်တော်မူပြီးနောက် သတ္တာ သတ္တ နဝဘာလီ ကိန်းယာယီဖြင့် ခိုမှီပြောင်းစံတော်မူသဲ့အခါ ရတနာဃရ သတ္တာဟဝယ် ဓမ္မနက်ကျယ် သမုဒ္ဒနယ်သို့ ဆန်း ကြယ်နက်ဝှမ်း ပဋ္ဌာန်းကျမ်းကို သေက်လှမ်းမြူးကွန့် ရွှေဉာဏ် တော်လွန့်လေသော် ရောင်ညွန့်ရောင်စွယ် ရွှေဘုန်းတော်ခြယ် သောကြောင့် သပ္ပါယ်လှိုရှမဆုံး မိုးလုံးတပြင် ဝေဟင်အပြန့် မရပ်တန့်ဘဲ မဟာနန့်နိုင်တဝေဝေ ညိုဂျွေနီဖြူ အဆူဆူထွေးယှက် လျက် နီမောင်းရောင်ထွက် လျှပ်စည်းဘေ့လက်သလို ပြိုးပြိုးပြက် တင့်ငွားငွား ရောင်ခြောက်စုံကစားလျက် လောကဓာတ်တိုက် အများကို ဖြန့်လွှားအုပ်ခြုံတော်မူကြလေကုန်သတည်း၊ ရောင် ခြည်တော်ဖူးညွန့် ထွေးယှက်လိမ် လူးလွန့်လျက် မြူးကွန့်တော်မူ စေရန် အကြောင်းရင်း သမန္တာန် ကေန်းက ပဋ္ဌာနဟု နယ်ကျူး ဆန်း မြတ်ပဋ္ဌာန်းကို ရှင်လန်းသောဉာဏ်ကာသိုက်း သမာဓိ ပယ်တံတိုင်းဖြင့် ဌာန်ကရိုက်း ပြီးသစွာ စေတနာထွတ်အမြတ်ဖြင့် ချွတ်ဘတ်သရဇ္ဈာယ်တော်မူကြပါကုန်လော။

ပဌာန်း အမေး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဘုန်းတော်ခြောက်ဆူ ပန်းပဉ္စူဖြင့် လှိုင်ကြူကြည်အေး ဘုံတဝေးကို ပြန့်မွှေးတော်မူစေနိုင်သော ရှင်တော်မြတ်ဘုရားသည် ပဌာန်းအဘိဓမ္မာ ဒေသနာတော်မြတ်ကို အဘယ်အရပ်၌ ဟောကြားတော်မူပါသနည်း-င့်ရှင်။

၂။ ပဌာန်းဒေသနာ၏ ဟောကြားရာဌာနကို သိရပါပြီ၊ ရှင်တော်မြတ်ဘုရားသည် ထိုပဌာန်း ဒေသနာတော်မြတ်ကို အဘယ်ကာလ အဘယ်အရပ်ဌာနတွင် ရှေးဦးစွာ ဆင်ခြင်သုံးသပ်တော် မူပါသနည်း-င့်ရှင်။

၃။ ဓမ္မသင်္ဂဏီ အစရှိသော အဘိဓမ္မာ (၇) ကျမ်းတို့တွင် ဤပဌာန်းကျမ်းသည် အဘယ်ဌာန၌ တည်ရှိပါသနည်း- င့်ရှင်။

၄။ ရတနာဃရသတ္တာဟ၌ ထိုပဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော် မူသောအခါ ရှင်တော် မြတ်ဘုရား၏ သဏ္ဌာန်တော်မှာ အဘယ်ကဲ့သို့ ထူးထွေသော အခြင်းအရာတော်များ ဖြစ်ပေါ်လာပါသနည်း-င့်ရှင်။

၅။ အဘယ်အကြောင်းကြောင့် ပဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူမှ ရောင်ခြည်တော် ခြောက်ဆူ မြူးကွန့်တော် မူပါသနည်း-င့်ရှင်။

၆။ ကျမ်းဂန်တို့၌ ပြဆိုအပ်သောအတိုင်း မဟာသမုဒ္ဒရာ သဘွယ် ကြီးကျယ်နက်နဲလှသော သာဂရ (၄)ပါး သရုပ်ကို ဖော်ထုတ်၍ ပြတော်မူပါ-ငါ့ရှင်။

၇။ ထိုသာဂရ (၄) ပါး၏ သဘောအဓိပ္ပါယ် သိလွယ်ရှိ ဖော်ပြတော်မူပါလော့-ငါ့ရှင်။

၈။ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူရာ၌ ထွက် ပေါ်လာသော ရောင်ခြည်တော်ခြောက်ပါးတို့၏ သရုပ် ကို ဖော်ထုတ်၍ ပြတော်မူပါလော့-ငါ့ရှင်။

၉။ ထိုရောင်ခြည်တော် ခြောက်ပါးတို့တွင် နီလရောင်ခြည် တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့ သောအားဖြင့် ကွန့်မြူးတော်မူပါသနည်း—ငါ့ရှင်။

၁၀။ ပီတရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့သော အားဖြင့် ကွန့်မြူးတော် မူပါသနည်း- ငါ့ရှင်။

၁၁။ လောဟိတရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက် ပေါ်၍ အဘယ်သို့သောအားဖြင့် ကွန့်မြူးတော် မူပါ သနည်း-ငါ့ရှင်။

၁၂။ ဩဒါတရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက် ပေါ်၍ အဘယ်သို့သောအားဖြင့် ကွန့်မြူးတော် မူပါ သနည်း—ငါ့ရှင်။

၁၃။ မဉ္ဇိဋ္ဌရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ် သို့သောအားဖြင့် ကွန့်မြူးတော် မူပါသနည်း- ငါ့ရှင်။

၁၄။ ပဘာသရရောင်ခြည်တော်သည် အဘယ်ဌာနတို့မှ ထွက်ပေါ်၍ အဘယ်သို့သောအားဖြင့် ကွန့်မြူးတော် မူပါသနည်း-ငါ့ရှင်။

၁၅။ ရောင်ခြည်တော်ခြောက်စုံ အကုန်ထွက်၍ ကွန့်မြူးကြသောအခါ အခြားအရောင်များသည် ရောင်ခြည်တော်ခြောက်ဆိုင်နှင့် ပြိုင်ဆိုင်၍ ထွန်းတောက် နိုင်ပါမည်လော-ငါ့ရှင်။

၁၆။ ထိုရောင်ခြည်တော်ခြောက်ပါးတို့သည်အဘယ်မျှလောက်ပြန့်နှံ့၍ ထွန်းလင်းနိုင်ပါမည်နည်း-ငါ့ရှင်။

၁၇။ ထိုရောင်ခြည်တော် ခြောက်ပါးတို့သည် ယခုအခါသို့တိုင်အောင် ထွန်းလင်းဆဲ ရှိကြပါသေးသလော-ငါ့ရှင်။

၁၈။ သာဓု အာဓု သာဓု ပဋ္ဌာန်းဒေသနာတော်ကို ဆင်ခြင်ရာဌာနမှစ၍ ရောင်ခြည်တော်ခြောက်စုံတို့၏ ထွန်းတောက်ကွန့်မြူးပုံများကို အကျယ်အားဖြင့် ဖြေကြားပေသောကြောင့် ဝမ်းမြောက်ဝမ်းသာစွာ သဒ္ဓါကြည်ညိုရပေပြီ၊ ထို့ပြင်တဖန် မေးမြန်းရန် ရှိပြန်သည်မှာ ရှင်တော်မြတ်ဘုရားသည် ထိုပဋ္ဌာန်းတရားတော်ကို အဘယ်အခါကာလ၌ ဟောကြားတော် မူပါသနည်း-ငါ့ရှင်။

၁၉။ အဘယ်အရပ်ဌာနမှာ ဟောကြားတော် မူပါသနည်း-ငါ့ရှင်။

၂၀။ ပဋ္ဌာန်းတရားတော်ကို ဟောကြားတော်မူရန် အလို့ငှါဘယ်အရပ်ဌာနမှ တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူပါသနည်း-ငါ့ရှင်။

၂၁။ တာဝတိံသာနတ်ပြည်သို့ တက်ကြွတော်မူရာတွင် အဘယ်သို့ တက်ကြွတော်မူပါသနည်း–ငါ့ရှင်။

၂၂။ နှစ်လှမ်းသုံးဖဝါး တက်ကြွတော်မူပုံကို ထင်ရှားအောင် ဖော်ပြတော်မူပါလော–ငါ့ရှင်။

၂၃။ တာဝတိံသာနတ်ပြည်၌ ပဋ္ဌာန်းတရားတော်ကို ဟောကြားတော်မူသည်ဟု ဆိုရာတွင် အဘယ်နေ့ရာကာလ၌ သီတင်းသုံးကာ ဟောကြားတော်မူပါသနည်း–ငါ့ရှင်။

၂၄။ ထိုပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်အလျား အနံ အထုယူဇနာအားဖြင့် အဘယ်မျှ ရှိပါသနည်း–ငါ့ရှင်။

၂၅။ အဘယ်ပုဂ္ဂိုလ်ကို အမှူးထား၍ ပဋ္ဌာန်းဒေသနာတော်ကို ဟောကြားတော်မူပါသနည်း–ငါ့ရှင်။

၂၆။ ထိုအခါအဘယ်မျှလောက်သော စကြဝဠာတို့မှ နတ်ဗြဟ္မာအပေါင်းတို့ လာရောက်၍ ပဋ္ဌာန်းတရားတော်ကို နာကြားကြပါသနည်း–ငါ့ရှင်။

၂၇။ အဘိဓမ္မာ (၇) ကျမ်းကို အဘယ်မျှလောက် ကာလအပိုင်းအခြားတို့ဖြင့် ပြီးဆုံးအောင် ဟောကြားတော်မူပါသနည်း–ငါ့ရှင်။

၂၈။ အဘယ်ခုနှစ်သက္ကရာဇ်တွင် ပဋ္ဌာန်းတရားတော်ကို ဟောကြားတော်မူပါသနည်း–ငါ့ရှင်။

၂၉။ ဓမ္မသင်္ဂဏီအစ ပဋ္ဌာန်းအဆုံးရှိသော အဘိဓမ္မာ(၇) ကျမ်းတို့ကို ဟောကြားတော်မူပြီးသောအခါ အဘယ်မျ

အရေအတွက်ရှိသော နတ်ပြဟ္မာအပေါင်းတို့သည်တရား ထူးကို သိမြင်၍ ကျွတ်တန်းဝင်ကြပါသနည်း–ငါ့ရှင်။

၃၀။ မယ်တော် ဖြစ်ခဲ့ဘူးသော သန္တုဿိတ နတ်သားသည် အဘိဓမ္မာတရားပွဲကြီး ပြီးဆုံး အောင်မြင်သောအခါ အဘယ်သို့သော အကျိုးထူးများကိုခံစားရပါသနည်း– ငါ့ရှင်။

၃၁။ တာဝတိံသာနတ်ပြည်မှာ ဟောကြားတော် မူသော ပဋ္ဌာန်းတရားတော်သည် လူ့ပြည်လောကမှာ အဘယ် ပုဂ္ဂိုလ်ကိုအကြောင်းပြု၍ ထွန်းကား လာပါသနည်း– ငါ့ရှင်။

၃၂။ ထိုအကြောင်းကို ထင်ရှားစွာ ဖော်ပြတော် မူပါ– ငါ့ရှင်။

၃၃။ ဘုန်းတော်ခြောက်ဆူ ပန်းမဉ္ဇူဖြင့် လိုင်ကြူအေးအေး တိုက်တဝေးကို ပြန့်မွှေးတော်မူစေနိုင်သော သုံးလောက ဥသျှောင် ဘုန်းခေါင်မြတ်ဘုရားသည် ယမိုက်ကျမ်းကို ဟောပြီးသည့်အဆုံး၌ ပဋ္ဌာန်းဒေသနာတော်ကို အဘယ် သို့ စတင်ကာ ဟောကြားတော်မူပါသနည်း–ငါ့ရှင်။

၃၄။ ပဋ္ဌာန်းကျမ်းကြီး၌ ပစ္စယုဒ္ဒေသ ခေါ်သော ပစ္စည်း အချုပ် သရုပ်ဖေါ်ပြနည်းမည်မျှရှိသည်ဟု ဖော်ပြတော် မူပါ လော–ငါ့ရှင်။

ပဋ္ဌာန်း အမေး ပြီးပြီ။

ပဌာန်း အမေး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ပဋ္ဌာနံ ပဋ္ဌာနံ ဣတိ၊ ယသံ ဟိ ယဿ ဥဂ္ဂတံ။
ဧတံ ကေန ကဒါ ကတ္ထ၊ ပဋ္ဌာနုတ္တမဒေသိတံ။

ဟိ - ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာကို ဟောရာဒေသ ဒေသက နှင့် ကာလဟောပုံ ကျမ်းတိုင်းစုံအောင် သင့်ရုံသံခိပ် အကျဉ်းစိတ်မျှ ခြည်ရိပ်သိစေ မေး၍ဖြေအံ့၊ ယဿ-အကြင်နက်နဲထူးဆန်းအံ့မခန်းသည့် ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာဉာဏ်ကြွ တရားတော်မြတ်၏ ပဋ္ဌာနံ ပဋ္ဌာနံ ဣတိ-ပဋ္ဌာန်းအဘိဓမ္မာပဋ္ဌာန်းအဘိဓမ္မာဟု သူငါဦးညိတ် နှုတ်မဆိတ်အောင်၊ ယသံ - ကောင်းတင်းခြိမ့်ညံ ကျော်စောသံသည်၊ ဥဂ္ဂတံ - ဇာတိခေတ်ပေါင်း တိုက်တသောင်း ဝယ် ရိုက်ညောင်းတုန်လျက် ဘုံဘဝ်တိုင်ပြန့်တက်ထင်ရှားကျော်ကြားလှပါပေ၏၊ဧတံ ပဋ္ဌာနုတ္တမံ - နက်နဲထူးဆန်း အံ့မခန်းသည့် ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာဉာဏ်ကြွ ထိုတရားတော်မြတ်ကို၊ ကေန-ဒေသကခေါ်ဆို အဘယ်ပုဂ္ဂိုလ်သည်၊ ကဒါ - အဘယ်သက္ကရာဇ် ဘယ်နှစ်ဝေါဟာ ဘယ်အခါ၌၊ ကတ္ထ - ဗြဟ္မာ လူ နတ် ဘယ် အရပ်၌၊ ဒေသိတံ - ဟောကြားတော်မူအပ်ပါသနည်း၊ ဒေသိတံ-ဝိစိကိစ္ဆာ ကင်္ခါမေးထူ ကေစိလူတို့မှတ်ယူစေလစ် ဖြေခွန်းလှစ်ပ ဘယ်နှစ်ကာလ ဘယ်ဒေသဝယ် ဒေသကခေါ်ဆို ဘယ်ပုဂ္ဂိုလ်သည် ဘယ်ကိုရစေသားဟူ၍ ပဋ္ဌာန်းအဘိဓမ္မာ မြိုက်ရေတရားကို ဘယ်သူအား ဟောကြားတော်မူခဲ့ပါသနည်း—ငါ့ရှင်။

သုခမ္မဝတီ (၈) ၁၅၄–၂

၂။ သတ္တမံ မုနိ ပဋ္ဌာနံ၊ ဘိဓမ္မံ ဇလသိ သတ္တမော။
ကထံ ဒေသေသိ ဒေဝါနံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

အာဝုသော - ဝဇီရ စိန်ပမာ ဉာဏ်ပညာဖြင့် ပြဿနာဆစ်ပိုင်း မေးလိုက်တိုင်းကို မဆိုင်းလှစ်ချွေ ဖြေတတ်ပေသော အို - ငါ့ရှင်၊ ဇလသိ သတ္တမော - ဝိပဿီမှန်ကူ သယမ္ဘူမှ စွဲယူရေထောက် ခုနစ်ဆူမြောက်သား ဘုန်းတောက်မိပတိ မဟာဇလသိ ဖြစ်တော်မူပါပေထသော၊ မုနိ - သကျမုနိ တုမရှိသား တြိဘဝသျှောင်ဖူး အောင်ပွဲမှူးအစစ်ဖြစ်တော်မူသောဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ သတ္တမံ - ဓမ္မသင်္ဂဏီမှထောက် ခုနစ်ဆင့်မြောက်ဖြစ်တော်မူသော၊ ပဋ္ဌာနဘိဓမ္မံ - နက်နဲထူးဆန်း အံ့မခန်းသည့် ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာဆိုတဲ့ တရားတော်မြတ်ကြီး ကို၊ ဒေဝါနံ-သောင်း - စကြဝါ နတ်ပြဟ္မာတို့အား၊ ကထံ -ဒေသေသိ - ဘယ်ပုံခွဲခြား၍ ဟောကြားတော် မူခဲ့ပါသနည်း၊ ပုစ္ဆိတော - ပဋ္ဌာန်းအဘိဓမ္မာ ဒေသနာကို သေချာစိစစ်ေးသိလိုရေးဖြင့် မေးအင်ပေသောငါ့ရှင်သည်၊ တံ - ထိုအကြောင်းကို၊ မေ - ပုစ္ဆကခေါ်တွင် အင်ညီမဟုတ် အကျွန်ုပ်အား၊ အက္ခာဟိ - အဖြေစကား မိန့်ကြားတော်မူပါလော့၊ အက္ခာဟိ - မဟာဏ္ဏဝ သာဂရထက် နယကျယ်ဝှမ်း မြတ်ပဋ္ဌာန်းကို မှန်းနိုင်လောက်ရုံ သံခိပ်ငုံ၍ ဟောမြွက်ပုံဆို လိုရင်း လောက်မျှ လူဗိုလ်ပုံနားဝယ် ရှင်းလောက်အောင် ထင်အလင်း ဖြေရှင်းတော်မူပါလော့ -ငါ့ရှင်။

ပဋ္ဌာန်း အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတမာနသော။
ပါဋ္ဌိဟိရော၀သာနမှိ၊ ၀သန္တော တိဒသာလယေ။

၁။ ဘုန်းတော်မကိုင်၍ အောင်လံစိုက်၍ သုံးတိုက်ဝေနေ မျှား ဗိုလ်ခြေတို့၏ ရှိသေဦးညွှတ်ရာ ဖြစ်တော်မူသော သုံးလော ကထွတ်ထား မြတ်စွာဘုရားသည် ယုဇနာတသောင်းကျယ် သော တာဝတိံသာ နတ်မြို့တော်ကြီးအတွင်း ပင်လယ် ကသစ်ပင်မင်းရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဗွေချက်ထူးဆန်း နက်နဲလှစွာသော ပဋ္ဌာန်း ဒေသနာတရားတော်မြတ်ကို အကျယ်အားဖြင့် ဟော ကြားတော်မူပါသည်ဘုရား။

၂။ မောဓိမဏ္ဍိုင်ဝယ် လေးခိုင်သော သစ္စာပန်းကို ဆင်မြန်း တော်မူပြီး၍ သုံးလောကထွတ်ထား မြတ်စွာဘုရားအဖြစ် သို့ရောက် တော်မူပြီးနောက် ခုနစ်ပါးသော အရပ်ဌာနတို့၌ သတ္တာဟစံနေတော်မူစဉ်အခါ သတ္တသတ္တာဟ ရတနာ ဃရရွှေအိမ်နန်းတွင် ပဋ္ဌာန်းဒေသနာတရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူပါသည်ဘုရား။

၃။ ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်းဟူ၍ အဘိဓမ္မာ (၇) ကျမ်းရှိရာတွင်

ဤပဋ္ဌာန်းကျမ်းသည် ခုနစ်ခုမြောက် သတ္တမဌာန၌ တည်သောကျမ်းကြီးဖြစ်ပါသည်ဘုရား။

၄။ ဓမ္မသင်္ဂဏီစသော အောက်ခြောက်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ရှင်တော်ဘုရား၏ သဏ္ဍာန်မှ ရောင်ခြည်တော်ခြောက်ပါးထွက်ပေါ် မြူးကွန့်ခြင်းမရှိပါ၊ ပဋ္ဌာန်းကျမ်းမြတ်ကို သုံးသပ်ဆင်ခြင်တော်မူသောအခါ၌သာလျှင် ရောင်ခြည်တော်ခြောက်ပါးတို့ ထင်ရှားစွာ ထွက်ပေါ် ကွန့်မြူး၍ လာကြပါသည်ဘုရား။

၅။ ပဋ္ဌာန်းကျမ်းတော်မြတ်သည် အခြားသော အဘိဓမ္မာ ကျမ်းတို့ထက် သဘော သဘာဝတွေ နည်းနိဿယအားဖြင့် ကြီးကျယ်နက်နဲလှပါသည်၊ သဗ္ဗညုရွှေဉာဏ်တော်သည် အခြားသော အဘိဓမ္မာ (၆)ကျမ်းတို့၌ အစွမ်းရှိသမျှ လူးလွန့်မြူးကွန့်ခွင့်ကို မရပါ၊ နည်းပေါင်းများစွာတို့ဖြင့် ကျယ်ပြန့်နက်နဲလှ၍ နယသာဂရမည်သော ပဋ္ဌာန်းကျမ်းတော်ကြီး၌သာ အစွမ်းရှိသမျှ လူးလွန့်မြူးကွန့်ခွင့်ကို ရပါသည်၊ သမုဒ္ဒရာကြီးသဖွယ် ကြီးကျယ်နက်နဲလှသော ပဋ္ဌာန်းတရား ဒေသနာတော်ကြီးအတွင်း၌ သဗ္ဗညုတရွှေဉာဏ်တော်ကြီး ကျက်စားကွန့်မြူးလေသောအခါ ရှေးဦးစွာ ရွှေဉာဏ်တော်တည်းဟူသော နာမ်ဓာတ်များသည် အထူးသဖြင့် ကြည်လင်တော်မူကြပါသည်၊ ဉာဏ်တော်၏ ကြည်လင်တော်မူခြင်းကြောင့် ထိုဉာဏ်တော် အရှိန်ကို ခိုလှုံ၍ ဖြစ်ကြကုန်သော ရုပ်ဓာတ်အပေါင်းတို့သည် ကောင်းစွာကြည်လင်ကြပါသည်၊ ထိုအခါ ကိုယ်တော်မြတ်၏ ရုပ်ဓာတ် သဏ္ဍာန်တော်မှ ရောင်ခြည်တော်

ခြောက်ဆိုင်တို့သည် အပြိုင်အပြိုင် ထွက်ကြွကွန့်မြူးကြပါသည်၊ ဤသည့်ကား— ပဋ္ဌာန်းတရား ဒေသနာတော်ကို ဆင်ခြင်တော်မူရာ၌ ရောင်ခြည်တော်ခြောက်ဆူတို့၏ ထွက်တော်မူပုံ သဘောဖြစ်ပါသည်ဘုရား။

ဣဒါနိ ဣမဿ အဘိဓမ္မဿ ဂမ္ဘီရဘာဝဝိဇာနနတ္ထံ စတ္တာရော သာဂရာ ဝေဒိတဗ္ဗာ သံသာရသာဂရော၊ ဇလသာဂရော၊ နယ၊ ဉာဏ။

၆။ မဟာသမုဒ္ဒရာသဘွယ် ကြီးကျယ်နက်နဲလှစွာသော သာဂရ (၄) ပါးဟူသည်၊ ဇလသာဂရ၊ သံသာရသာဂရ၊ ဉာဏသာဂရ၊ နယသာဂရအားဖြင့် သာဂရ (၄)ပါး ရှိပါသည်ဘုရား။

၇။ ကမ္ဘာလောကကို ဝန်းရံ၍နေသော သမုဒ္ဒရာပြင်ကျယ်ကြီးကို ဇလသာဂရဟု ခေါ်ပါသည်၊ သတ္တဝါတို့၏ ကျင်လည် ကျက်စားရာ ရှည်လျားကျယ်ဝန်းလှစွာသော သံသရာကြီးကို သံသာရသာဂရဟု ခေါ်ပါသည် အလွန်ကျယ်ဝန်းလှစွာသော သဗ္ဗညုတရွှေဉာဏ်တော်ကြီးကို ဉာဏသာဂရဟုခေါ်ပါသည်၊ နည်းပေါင်းများစွာတို့ဖြင့် နက်နဲကျယ်ဝန်းလှသော ပဋ္ဌာန်းကျမ်းတော်ကြီးကို နယသာဂရဟု ခေါ်ပါသည်ဘုရား။

သမ္မသန္တဿ သရီရတော နီလ ပီတ လောဟိတောဒါတ မဉ္ဇိဋ္ဌ ပဘဿရဝသေန ဆဗ္ဗဏ္ဏရသ္မိယော နိက္ခမိံသု။

၈။ (၁) နီလ - စိမ်းညိုသော ရောင်ခြည်တော်၊ (၂) ပီတ- ဝါရွှေသော ရောင်ခြည်တော်၊ (၃) လောဟိတ - နီမြန်း

စာကြည့်တိုက်

သော ရောင်ခြည်တော်၊ (၄) ဩဒါတ - ဖြူဖွေးသော ရောင်ခြည်တော်၊ (၅) မဉ္ဇိဋ္ဌ - မောင်းသောရောင်ခြည် တော်၊ (၆) ပဘဿရ - အရောင်စုံရောယှက်၍ ပြိုးပြိုး ပြက်ပြက် ထွန်းလင်းသောရောင်ခြည်တော် ဤသည်ကား ရောင်ခြည်တော် ခြောက်ပါးတို့၏ သရုပ် အဓိပ္ပါယ်များ ဖြစ်ပါသည်ဘုရား။

ကေသမဿုဟိ စေဝ အက္ခီနဉ္စ နီလဋ္ဌာနေဟိ နီလရသ္မိ ယော နိက္ခမိံသု။

၉။ ဆံတော်၊ မုတ်ဆိတ်တော်၊ မျက်နက်တော်မှစ၍ စိမ်းညို သော အရင်ဌာနတို့မှ နီလရောင်ခြည်တော် ထွက်ပေါ် ကွန့်မြူးပါသည်၊ ထိုအခါ အနန္တလောကဓာတ်အပြင် နှင့် အဇဋ္ဌာခွင် ကောင်းကင်အလုံးမှာ အောင်မဲညိုပန်း ကြာညိုပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို - နီလာကျောက် မြကျောက်တို့ဖြင့် ကြဲမြှောက်၍ ထားသလို - နီလာယပ် တောင် မြယပ်တောင်တို့ဖြင့် တပြောင်ပြောင်လွှဲခပ်၍ နေ သလို - ဖဲပြာပုဆိုးကို ဖြန့်မိုး၍ထားသလို - စိမ်းညိုသော အရောင်တို့ဖြင့် ပြောင်ပြောင် ထိန်လင်း၍ နေပါသည် ဘုရား။

ဆဝိတောစေဝ အက္ခီနဉ္စ ပီတဋ္ဌာနေဟိ ပီတရသ္မိယော နိက္ခမိံသု။

၁၀။ အရေတော် အသားတော်မှစ၍ ဝါရွှေသော အရပ်ဌာန တို့မှ ပီတရောင်ခြည်တော် ထွက်ပေါ် ကွန့်မြူးပါသည်၊ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့်အဇဋ္ဌာခွင်ကောင်း ကင်အလုံးမှာ မဟာလှေကားပန်း စကားပန်း ပိတောက်

ပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို - ရွှေရေတံခွန် စီးသွန်ကျဆင်းကာ ရွှေမိုးတော့ရွာသလို - ရွှေနာရဏီ သိင်္ဂီယပ်တောင်တို့ဖြင့် တပြောင်ပြောင် လှဲခပ်၍နေသလို - ရွှေပြတန် ရွှေပုဆိုးတို့ဖြင့် ဝန်းရံ၍ထားသလို - ထိုနည်းတူစွာ ဝါရွှေသောအရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍နေပါသည်ဘုရား။

မံသဿ လောဟိတေဟိ စေဝ အက္ခီနဉ္စ ရတ္တဋ္ဌာနေဟိ လောဟိတရသ္မိယော နိက္ခမိံသု။

၁၁။ အရေးတော် လက်သည်းတော် ခြေသည်းတော် ခြေဖဝါးတော် လက်ဖဝါးတော် နှုတ်ခမ်းတော် လျှာတော် မှစ၍ နီမြန်းသော အရပ်တော်ဌာနတို့မှ လောဟိတရောင်ခြည်တော် ထွက်ပေါ် ကွန့်မြူးပါသည်၊ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇမ္ဗှာခွင် ကောင်းကင်အလုံးမှာ ကြာနီပန်း နှင်းဆီပန်း ခေါင်ရမ်းပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို - ပတ္တမြားကျောက်တို့ကို ကြဲဖြောက်၍ ထားသလို - ပတ္တမြားယပ်တောင်တို့ဖြင့် တပြောင်ပြောင် လှဲခပ်၍နေသလို - ကမ္ဗလာပုဆိုးကို ဖြန့်မိုးဝန်းရံ၍ထားသလို· ထိုနည်း တပြေး နီဝေ့သောအရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍နေပါသည်ဘုရား။

အဋ္ဌိဟိ စေဝ ဒန္တေဟိ စ အက္ခီနဉ္စ သေတဋ္ဌာနေဟိ ဩဒါတရသ္မိယော နိက္ခမိံသု။

၁၂။ သွားတော် စွယ်တော် အရိုးတော် မျက်ဖြူတော် ဥဏ္ဏာလုံမွေးရှင်ဘော်စသော ဖြူသော အရပ်တော်ဌာနတို့မှ ဩဒါတရောင်ခြည်တော် ထွက်ပေါ် ကွန့်မြူးပါသည်၊ ထိုအခါ

အနန္တလောကဓာတ်အပြင်နှင့် အဇဋ္ဌာခွင် ကောင်းကင် အလုံးမှာ ကြာဖြူပန်း မြတ်လေးဖြူပန်း ဇွန်ပန်းတို့ဖြင့် ဖုံးလွှမ်း၍ထားသလို - ပုလဲနှင့် စိန်ကျောက်တို့ဖြင့် ကြဲ မြှောက်၍ထားသလို - ငွေရေတံခွန် စီးသွန် ကျဆင်းကာ ငွေမိုးတွေရွာသလို - ငွေပြားယပ်တောင်တို့ဖြင့် တပြောင် ပြောင် လွှဲခပ်၍နေသလို - ငွေပြာနှစ်ဘွဲ့ဖြူပုဆိုးတို့ဖြင့် ဖြန့်မိုး၍ထားသလို - ထိုနည်းအတူ ဖြူသော ရောင်ခြည် တော်တို့ဖြင့် တပြောင်ပြောင် ထိန်လင်း၍ နေပါသည် ဘုရား။

မဉ္ဇိဋ္ဌာ ပန တမှာ တမှာ သရီရ ပဒေသာ နိက္ခမိံသု။

၁၃။ ရှင်တော်မြတ်ဘုရား၏ ထိုထိုကိုယ်တော် အစိတ်အစိတ်မှ မဉ္ဇိဋ္ဌရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်၊ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇဋ္ဌာခွင် ကောင်းကင် အလုံးမှာ သပြေသီးမှည့်ရောင် မိုးကြိုးရောင်တို့ဖြင့် တပြောင်ပြောင် ထိန်လင် ၍နေပါသည်ဘုရား။

ပဘဿရာ ပန တမှာ တမှာ သရီရ ပဒေသာ နိက္ခမိံသု။

၁၄။ ရှင်တော်မြတ်ဘုရား၏ ရွှေကိုယ်တော်အလုံးမှ ပဘဿရ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးပါသည်၊ ထိုအခါ အနန္တလောကဓာတ်အပြင်နှင့် အဇဋ္ဌာခွင် ကောင်းကင် အလုံးမှာ နီ၊ ဖြူ၊ ညို၊ မှောင်၊ အရောင်မျိုးစုံရှိသော ပန်း တို့ဖြင့် ဖုံးလွှမ်း၍ထားသလို -နီ၊ ဖြူ၊ ညို၊ မှောင် အရောင် အမျိုးစုံရှိသော နဝရတ်ကျောက်တို့ဖြင့် ကြဲမြှောက်၍ ထားသလို - ကောင်းကင်တရိုးမှ နဝရတ်မိုးကြီး ဖွိုးဖွိုး

သွန်၍ ရေတံခွန်ကျဆင်းသလို ‑ နဝရတ်ကိုးသွယ် စီခြယ်
အပ်သောပုဆိုးတို့ဖြင့် ဖြန့်မိုး၍ ထားသလို ‑ အရောင်
မျိုးစုံရှိသော မီးပန်း မီးရှူးတို့ဖြင့် အထူးထူးအထွေထွေ
ညှိထွန်း၍ထားသလို ‑ ထိုနည်း ဤပုံ ရောင်စုံထွေးယှက်
ပြိုးပြိုးပြက်သော အရောင်တို့ဖြင့် တပြောင်ပြောင် ထိန်
လင်း၍ နေပါသည်ဘုရား။

၁၅။ အနန္တလောကဓာတ်အတွင်းမှာ ရောင်ခြည်တော် ခြောက်
ဆိုင်နှင့်ပိုင်ဆိုင်၍ ထွန်းတောက်နိုင်သောအရောင်အလင်း
တခုမျှမရှိပါ၊ ရောင်ခြည်တော်ခြောက်သွယ်တို့ တင့်တယ်
စွာ ကွန့်မြူးလာသောအခါ နေရောင် လရောင် ကြယ်တာ
ရာရောင် ရတနာရောင် နတ်ဗြဟ္မာတို့၏ ဘုံဗိမာန်အရောင်
တို့သည် မထွန်းမပြောင်နိုင်ကြကုန်ဘဲ အရောင်ကန်ခိုး၏
လွှမ်းခြင်းကိုသာ ခံကြရပါသည်၊ စကြဝဠာပေါင်း
တထောင်ကို ကိုယ်ရောင်ဖြင့် ထွန်းပနိုင်သော ဗြဟ္မာကြီး
တို့၏ အရောင်များသည်လည်း နေဝန်း ထွက်ပြူလာသော
အခါ ပိုးစုံးကြူးရောင်ကဲ့သို့ ဖြစ်ကြရပါသည်၊ ရောင်ခြည်
တော် ခြောက်ပါး၏တန်ခိုးသည် ဤမျှလောက် လွှမ်းမိုး
နိုင်ပါသည်ဘုရား။

၁၆။ ရှင်တော်ဘုရား၏ ကိုယ်တော်မှ ထွက်ကြွကွန့်မြူးသော
ရောင်ခြည်တော် ခြောက်စုံ ရူပါရုံတို့သည် ထက်ဝန်းကျင်
အရပ်ဆယ်မျက်နှာသို့ ပြန့်နှံ့၍ အနန္တလောကဓာတ်များ
သို့ တိုင်အောင် လွှမ်းမိုး၍ ထွန်းလင်းနိုင်ပါသည်ဘုရား။

၁၇။ အဆုံးမရှိသော အနန္တလောကဓာတ်များသို့ ပျံ့သန်း
ကွန့်မြူးကြသော ရောင်ခြည်တော်တို့သည် ယခုအခါ

တိုင်အောင် ချုပ်ကွယ်ခြင်းမရှိ၊ ထွန်းတောက်ဆဲဖြစ်ကြ
သည်ဟု ကျမ်းဂန်တို့၌ ပြဆိုပါသည်ဘုရား။

၁၈။ ခြောက်ဝါအလွန် ခုနစ်ဝါမြောက်ကာလ၌ ထိုပဋ္ဌာန်း
ဒေသနာ တရားတော်ကို ဟောကြားတော် မူပါသည်
ဘုရား။

၁၉။ တာဝတိံသာ နတ်မြို့တော်မှာ ဟောကြားတော်မူပါ
သည်ဘုရား။

၂၀။ ဘုန်းတော်ခြောက်ဆူ အောင်လံထူ၍ ပြိုင်သူဘက်ကင်း
မင်းထက်မင်းဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်
ခြောက်ဝါအလွန် ခုနစ်ဝါမြောက်ခါနီးတွင် သာဝတ္ထိ
နေပြည်တော်ကြီး၌ တိတ္ထိအပေါင်းတို့ကို နှိပ်နင်းတော်
မူခြင်းငှါ တန်ခိုးပြာဋိဟာကို အံ့ဩဘွယ်ရာပြုတော်မူပါ
သည်၊ ထိုတန်ခိုးပြာဋိဟာကို ပြတော်မူ၍အပြီးတွင်
ဘန်ဆင်းအပ်သော ရတနာစကြံကြီးမှ တာဝတိံသာ
နတ်မြို့တော်သို့ တက်ကြွတော်မူပါသည်ဘုရား။

၂၁။ နှစ်လှမ်းသုံးဖဝါး တန်ခိုးတော်အားဖြင့် တက်ကြွတော်
မူပါသည်ဘုရား။

၂၂။ တန်ခိုးတော် ပြတော်မူရာဖြစ်သော ရတနာစကြံထက်မှ
လက်ျာခြေတော်ကိုကြွ၍ ယုဂန္ဓိုရ်တောင်ထိပ်၌ တဘဝါး
နင်းတော်မူပါသည်၊ ထို့နောက် ရတနာစကြံထက်မှ
လက်ဝဲခြေတော်ကိုကြွ၍ မြင်းမိုရ်တောင်ထိပ်၌ တဘဝါး
နင်းတော်မူပါသည်၊ ရတနာစကြံထက်မှ ယုဂန္ဓိုရ်
တောင်ထိပ်သို့တလှမ်း၊ ရတနာစကြံထက်မှ မြင်းမိုရ်

တောင်ထိပ်သို့တလှမ်း၊ ရတနာစကြံ်ထက်၌ ဘဝါးတော်တခု၊ ယုဂန္ဓိုရ်တောင်ထိပ်၌ ဘဝါးတော်တခု၊ မြင်းမိုရ်တောင်ထိပ်၌ ဘဝါးတော်တခု၊ ဤသည်ကား - နှစ်လှမ်းသုံးဘဝါးကြွတော်မူရာဝယ် ထင်ရှားစွာ သိလွယ်အောင်အမိပ္ပါယ်ဖော်ပြချက်ဖြစ်ပါသည်ဘုရား။

ပါရိစ္ဆတ္တကမူလမှိ၊ ပဏ္ဍုကမ္ဗလနာမကေ။
သိလာသနေ သန္နိသိန္နော၊ အာဒိစ္စောဝ ယုဂန္ဓရေ။

၂၃။ ပင်လယ်ကသစ် ပင်မင်းရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဗွေချက် နေရာတော်ထက်၌ သီတင်းသုံးကာ ဟောကြားတော်မူပါသည်ဘုရား။

၂၄။ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် အလျားအားဖြင့် ယူဇနာ (၆၀) အနံအားဖြင့်ယူဇာ (၅၀) အထုအားဖြင့် (၁၅)ယူဇနာရှိပါသည်ဘုရား။

၂၅။ မယ်တော်ဖြစ်ခဲ့ဘူးသော သန္တုသိတ နတ်သားကို အမှူးထား၍ ဟောကြားတော်မူပါသည်ဘုရား။

စက္ကဝါဠသဟဿေဟိ၊ ဒသဟာဂမ္မသဗ္ဗသော။
သန္နိသိန္နေန ဒေဝါနံ၊ ဂဏေန ပရိဝါရိတော။

၂၆။ တသောင်းသော လောကဓာတ်စကြာဠာတိုက်တို့မှ နတ်ဗြဟ္မာအပေါင်းတို့ လာရောက်၍ ပဌာန်းတရားတော်ကို ကြားနာကြပါသည်ဘုရား။

၂၇။ ခုနစ်ဝါမြောက်သောအခါ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့ကစ၍ သီတင်းကျွတ်လပြည့်နေ့သို့တိုင်အောင် သုံးလအပိုင်းအခြားဖြင့် ဟောကြားတော်မူပါသည်ဘုရား။

၂၈။ မဟာသက္ကရာဇ်— (၁၀၉)ခုနှစ်တွင် ပဋ္ဌာန်းတရားတော်ကြီးကို ဟောကြားတော်မူပါသည်ဘုရား။

၂၉။ နတ်ပြဟ္မာအပေါင်း ကုဋေရှစ်သောင်းတို့သည် တရားထူးကို သိမြင်၍ ကျွတ်တမ်းဝင်ကြပါသည်ဘုရား။

၃၀။ သန္တုဿိတနတ်သားသည် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ရှင်းလင်းအောင် ပယ်ခွါ၍ သောတာပန်ဖြစ်ခြင်းတည်းဟူသော အကျိုးထူးကို ခံစားရပါသည်ဘုရား။

၃၁။ ရှင်သာရိပုတြာကိုယ်တော်မြတ်ကြီးကို အကြောင်းပြု၍ ထွန်းကားလာပါသည်ဘုရား။

၃၂။ ရှင်တော်မြတ်ဘုရားသည် တာဝတိံသာ နတ်မှိုတော် ပင်လယ်ကသစ် ပင်မင်းရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာဖွဲ့ချက် နေရာတော်ထက်၌ ဝါကပ်တော်မူပြီးလျှင် အဘိဓမ္မာ (၇)ကျမ်းကို ဟောကြားတော်မူရာ ဆွမ်းခံချိန်အခါ၌ တရားဟောမပျက်စေရန် နိမ္မိတကိုယ်တော်ပွားကို ဘန်ဆင်း၍ထားခဲ့ပြီးမှ မြောက်ကျွန်းသို့ ဆွမ်းခံကြွတော်မူရန် ဟိမဝန္တာအနောဒတ်အိုင်သို့ ဆင်းသက်တော်မူပါသည်၊ ထိုအခါ ရှင်သာရိပုတြာကိုယ်တော်မြတ်ကြီးသည် ရှင်တော်မြတ်ဘုရားအား ဝတ်ကြီး ဝတ်ငယ်အသွယ်သွယ်တို့ကို ပြုလုပ်ဆောင်ရွက်တော်မူပါသည်၊ ရှင်တော်မြတ်ဘုရားက တာဝတိံသာ နတ်မှိုတော်၌ ဟောကြားတော်မူပြီးသမျှသော အဘိဓမ္မာတရားတော်များကို ရှင်သာရိပုတ္တရာအား နေ့စဉ်ပြန်၍ ဟောကြားတော်မူပါသည်၊ ထိုနောက် တဖန် ရှင်သာရိ

ပုတ္တရာကိုယ်တော်မြတ်ကြီးက ငါးရာသောတပည့်ရဟန်း တော်တို့အား နေ့စဉ်အားဖြင့် သင်ကြားပို့ချတော်မူပါ သည်၊ ထိုအခါကစ၍ အဘိဓမ္မာဒေသနာတော်ကြီးသည် လူ့ပြည်လောက၌ ထွန်းကားပြန့်ပွား၍ လာပါသည် ဘုရား။

၃၃။ ဘုန်းတော်အမြိုက် မကိုဋ်သရဖူ ဆောင်းတော်မူသော တဆူထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် ယမိုက် ကျမ်းကို ဟောတော်မူပြီးသည်၏ အဆုံး၌ ဟေတုပစ္စ ယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော၊ ဤသို့ စသောအားဖြင့် ပဋ္ဌာန်းဒေသနာတော်ကြီးကို စတင်ကာ ဟောကြားတော်မူပါသည်ဘုရား။

၃၄။ (၁)ဟေတုပစ္စည်း၊ (၂)အာရမ္မဏပစ္စည်း၊ (၃)အဓိပတိ ပစ္စည်း၊ (၄)အနန္တရပစ္စည်း၊ (၅)သမနန္တရပစ္စည်း၊ (၆)သဟဇာတပစ္စည်း၊ (၇)အညမညပစ္စည်း၊ (၈)နိဿယ ပစ္စည်း၊ (၉) ဥပနိဿယပစ္စည်း၊ (၁၀) ပုရေဇာတပစ္စည်း (၁၁) ပစ္ဆာဇာတပစ္စည်း၊ (၁၂) အာသေဝနပစ္စည်း၊ (၁၃)ကမ္မပစ္စည်း၊ (၁၄)ဝိပါကပစ္စည်း၊ (၁၅)အာဟာ ရပစ္စည်း၊ (၁၆) ဣန္ဒြိယပစ္စည်း၊ (၁၇) ဈာနပစ္စည်း၊ (၁၈)မဂ္ဂပစ္စည်း၊(၁၉)သမ္ပယုတ္တပစ္စည်း၊ (၂၀)ဝိပ္ပယုတ္တ ပစ္စည်း၊ (၂၁) အတ္ထိပစ္စည်း၊ (၂၂)နတ္ထိပစ္စည်း၊ (၂၃) ဝိဂတပစ္စည်း၊ (၂၄) အဝိဂတပစ္စည်း၊ ဤသို့အားဖြင့် ပစ္စယုဒ္ဒေသခေါ် ပဋ္ဌာန်းအချုပ်သရုပ်သည် (၂၄)ပါး အပြားရှိပါသည်ဘုရား။

ပဋ္ဌာန်း အဖြေ ပြီးပြီ။

တနည်းပဋ္ဌာန်း အဖြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဘိသမ္ဗောဓိတော သတ္တ၊ ဝဿမှိ ဓမ္မသာမိနာ။
ဒေသိတော ဒေဝလောကမှိ၊ ဒေဝါနံ ဘဝမုတ္တိယာ။

ဓမ္မသာမိနာ - ဓမ္မသာမိ မာရဇိဟု သာကိဉ္ဆျောင် ငါးမာရ်အောင်သည်၊ အဘိသမ္ဗောဓိတော - မဟာဗောဓိ အပရာဇိဝယ် ဇာတိခေတ် သောင်းစက္ကဝါကို စောင်းသွက်ခါ ပွဲတင်ညိတ်စေ၍ ဘုံသုံးဆိုင် ခရိုင်ထိပ်ဝယ် မြိမ်ဿရထွတ်ဖျား ဘုရားဖြစ်တော်မူသည်မှ၊ သတ္တဝဿမှိ - ခုနစ်ဝါမြောက် ကောဇာထောက်သော် ဘုန်းတောက်အဥ္စန ရာဇညလျှင် မာဃစန္ဒေ ကိန်းဖြင့်ချေသား တွက်ရေသက္ကရာဇ် ရာဆယ့်နှစ်၌၊ ဒေဝလောကမှိ - တာဝတိံသာ နန်းသိင်္ဂါဝယ် ဣန္ဒာသန မွမ္မပလ္လင် ကသစ်ပင်အောက် ဘုန်းရှိန်တောက်သား မြခကျောက်နှုလ္လာ ပဏ္ဍုကမ္ဗလာ၌၊ ဒေဝါနံ - စက္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့အား၊ ဘဝမုတ္တိယာ - ဘဝသုံးခင်း နှောင်အိမ်တွင်းမှ ကျော်နှင်း လွတ်မြောက်ပါစေခြင်းအကျိုးငှါ၊ ပဋ္ဌာနဓမ္မော - နက်နဲထူးဆန်းအံ့မခန်းသည့် ပဋ္ဌာန်းဘိဓမ္မာဒေသနာဉက္က၌ တရားတော်မြတ်ကို၊ ဒေသိတော - ဟောကြားတော်မူအပ်ခဲ့ပါပေပြီ၊ ဒေသိတော - မဟာသက္ကရာဇ် ရာဆယ်နှစ်ဝယ် ရှင်ချစ်မုနိန် မာရဇိန်သည် ဝတိန်စံခင်း ကသစ်ရင်း၌ အလင်းဘိဓမ္မာ ပဋ္ဌာန်းဒေသနာ မိုက်ရသာကို သောင်းရပ်ရွာ နတ်ဗြဟ္မာအားလုံးတို့အား ဝဋ်ထုံးနှောင် လွတ်အောင် ရုံးစေဟု တဝါလုံး ဟောကြားတော်မူအပ်ခဲ့ပါပြီဘုရား။

၂။ တေ ဓညဓညာ ဝတ ဒေဝ ဒေဝါ၊ တေနနုဓမ္မာမတ်
ပီတပိနာ။

ယေသမ္မုခါ ယေဝ လဘန္တိ ဒင္ဈုံ၊ ပုဒ္ဒူဓမ္မဋ္ဌ အဝေစ္စ
သောတုံ။

ယေ - အကြင်စက္ကဝါပေါင်း တိုက်တသောင်းမှ ခညောင်း ရောက်လာ နတ်ဗြဟ္မာတို့သည်၊ သမ္မုခါယေဝ - မျက်မှောက် ထင်ရှားအမြင်အားဖြင့်သာလျှင်၊ ဗုဒ္ဓံ -ဒဿနာနုတ္တရိယ ဗာဟိ သ လက္ခဏာ သီတာနုဗျည်း ရှုမညီးတို့ဖြင့် နုလည်းနုပျို ရှန်းဝေပို သည့် ရွှေကိုယ်ခါတ်သား မြတ်စွာဘုရားကို၊ ဒင္ဈုံစ - သဒ္ဒါရှင် ပျော် ဖူးမျှော်ကြခြင်းငှါလည်း၊ ဓမ္မံ - သဝနာနုတ္တရိယ ကြားအပ် သမျှတို့ထက် ကဲလွန် အမွန်ခေါင်ထိ မိပတ်ဟု ပဋ္ဌာန်းအဘိဓမ္မာ တရားရတနာကို၊ အဝေစ္စ - သဒ္ဓါရွှေဘင် ဉာဏ်သက်ဝင်၍၊ သောတုံ စ - နှေညှဉ့်ဆက်ကာ ကြားနာကြခြင်းငှါလည်း၊ လဘန္တိ- ခွင့်ကောင်း ကြိုက်ကြုံရရှိကုန်၏၊ တေ ဒေဝ ဒေဝါ - ထိုစက္ကဝါ ပေါင်း တိုက်တသောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့ သည်၊ ဓည ဓညာ ဝတ - ဘုန်းရည်ထူးချွန် ကံရည်လွန်သည့် အမွန်ဥက္ကဋ္ဌ နတ်မြတ်နတ်မှူး ဗြဟ္မာထူး ဖြစ်ကြပါပေကုန်စွ တကား၊ တေ ဒေဝ ဒေဝါ - ထိုစက္ကဝါပေါင်း တိုက်တသောင်း မှ ခညောင်းရောက်လာ နတ်ဗြဟ္မာတို့သည်၊ ဓမ္မာမတပိတပိနာ နု န- တရားဟူသည် အမြိုက်ရည်ကို သာကြည်ရွှင်ပြုံး သောက် ရည်သုံးဖြင့် ကိုယ်လုံး ရှန်းစို နုပျိုကြကုန်လိမ့်တကား၊ ဓမ္မာ မတပီတပိနာနုန၊ ပဋ္ဌာန်းဘိဓမ္မာ မြိုက်ရဿာကို တဝါပတ်လုံး သောက်ယူသုံးရ၍ ရွှင်ပြုံးနှစ်လို ချမ်းကြည်မျို့သဖြင့် ကူးတို့

ဖောင် မဂ်ဃာဉ်စီးပြီးလျှင် ပြည်နိဗ္ဗူ ခရိုင်ထီးကိုဖြင့် တပြိုင်တည်း စိုးစံတော်မူကြလေကုန်စွတကား။

၃။ ဝိဘဇိတွာန ပဋ္ဌာနံ၊ ဓမ္မေ စ ဓမ္မသတ္တိယော။
သမန္တာ နန္တနျာယေဟိ၊ ဒေဝါနံ ဒေသယီ ဇိနော။

ဘန္တေ - ကျမ်းတိုင်းစုံစေ့ နက်သိမ်မွေ့ကို ပြောင်းရွှေ့ဖန်ခါ ဉာဏ်ပထု၂၂ာဖြင့် ပြဿနာ ဧစ်ဆေး မေးတတ်ပါပေသော အရှင်ဘုရား၊ ဇိနော - ငါးပါးမာရ်ညွန့် ရန်အဝှန့်ကို မရွှံမတိတ်ခြသေ့စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အောင်တော်မူမြတ်စွာဘုရားသည်၊ ဒေဝါနံ - သောင်းကြေကဝါ နတ်ဗြဟ္မာတို့အား၊ ဓမ္မေ စ - ပရမတ္ထ ဓမ္မ တရားအားလုံးတို့ကိုရင်း၊ ဓမ္မသတ္တိယော စ - ထိုထိုပရမတ္ထ တရားတို့၏ စွမ်းပကား တေဇော်အာနုဘော်သတ္တိတို့ကိုရင်း၊ ဝိဘဇိတွာန - တခုမကျန် ဝေဘန်ခွဲခြမ်းတော်မူ၍၊ သမန္တာ နန္တနျာယေဟိ - ဝန်းကျင် ကျယ်ဝှမ်း အနပ္ပကမ်းမျှားကြူယ် နည်းအသွယ်သွယ်တို့ဖြင့်၊ ပဋ္ဌာနံ - ပဋ္ဌာန်းတွင်ခေါ် အဘိဓမ္မာတရားတော်ကြီးကို၊ ဒေသယီ - ထုတ်ဖော်သင်ရှား ဟောကြားတော်မူခဲ့ပါပြီ၊ ဒေသယီ - ဟောတူဟောဘု မြေ ရေထုနှင့် လေထုလိုက်ခုန် သောင်းတိုက်တုန်အောင် နည်းဖုံးဖုံး နက်ကျယ်ဝှမ်းလှသည့် အဘိဓမ္မာ စာတော်ပဋ္ဌာန်းကို လူ့ထိပ်ပန်း ဟောကြားတော်မူခဲ့ပါပေပြီဘုရား။

ပဋ္ဌာန်း အခါတော်ကြား ဂါထာတော်ကြီး

၄။ ယံ သမ္မသန္တဿ ဒိသာ သမန္တတော၊ ဝိနိစ္ဆရေ သတ္တု
ပဘာ သရီရတော။

နယမ္ဗုမိံ ဉာဏသမုဒ္ဒ ဂေါစရံ၊ သဒ္ဓါယ ပညာယ စ
တံ ဘဏာမ ဟော။

ဟော - ဟောလျှော့ - ပဋ္ဌာန်း ဒေသနာ မြိုက်ရသာ၏ရှုတ်
ချကာလ ဒုလ္လဘကို အရတော်ကြား သံဃာတော်ပေါင်း
အရှင်ကောင်း အရှင်မြတ်တို့ဘုရား၊ ယံ ပဋ္ဌာနံ - အနုပ္ပကမ်း
နည်းစုံပြွမ်းသည့် ကမ်းမမြင်ကျယ် ကျမ်းပင်လယ်မို့ နနယ်သူ
ဉာဏ်မှီသမျှပင် ကြံစည်၍ မရနိုင်လောက်အောင် ဂမ္ဘီရအရာ
သဘတန်း အကြင်မဟာပဋ္ဌာန်းဆိုတဲ့ ရွှေကျမ်းတော်ကြီးကို၊
သမ္မသန္တဿ - ဂမ္ဘီရ ခက်အခဲကို ဉာဏ်ဝဇီရ လက်စွဲဖြင့် ဖျက်ခွဲ
ဆုံးဖြတ်၍ သုံးသပ်ဆင်ခြင်တော်မူပါပေလသော၊ သမ္မသန္တဿ-
နဝရတ်ရောင်ရှိန် ရတနာဃရ ရွှေအိမ်ဝယ် မွေ့သိမ်သော ဉာဏ်
စက္ခုဖြင့် ကြည့်ရှုဆုံးဖြတ် သုံးသပ်တော်မူပါပေထသော၊ သတ္တု-
သတ္တာ ဒေဝမနုဿာနံ - ဂုဏ်တော်သံတို့ မိုးယံဘဝဂ် လွှမ်းကျော်
ဘက်သား သကျဇိနော် စိန္တေယျော်မြတ်ဘုရား၏၊ သရီရတော-
ရွှေဘောင်နှုန်းလျှော်မြတ်ကိုယ်တော်မှ၊ ပဘာ-ရောင်တော်ခြောက်
သွယ်ပန်းနွယ်ပန်းညွန့်တို့သည်၊ ပဘာ- ကိုယ်တော်စိတ်ပိုင်း နေရာ
ကိုင်းမှ အံ့လှိုင်းလောက်စဘွယ် ရောင်ခြည်တော် ခြောက်သွယ်တို့
သည်၊ ပဘာ-အညိုတဖြာ အဝါတလိ အနီတဆူ အဖြူ တကြောင်း
အမောင်းတချက် ပြိုးပြက်ငွားငွား ခြောက်ပါး ရောင်ဆိုင်
အပြိုင်ပြိုင်တို့သည်၊ သမန္တတော ဒိသာ - ဝန်းကျင်နှစ်ပ် အရပ်

ဒိသာ ဆယ်မျက်နှာတို့သို့၊ ဝိနိစ္ဆရေ - စက္ကဝါနခမ်း အထက် အဇဋ္ဌာ ပြည့်လျှမ်းအောင် အဆန်းတကြယ် ယှက်ကူး၍ကွန့်မြူး ထွက်ကြွတော်မူကြလေကုန်တော့၏။

ဝိနိစ္ဆရေ - နဘံထက်ညာ ပျံ့တက်ကာနှင့် စက္ကဝါနရမ်း ယှက်ဖြာသန်းလျက် အံ့ဘနန်း လူးလွန့်၍ မြူးကွန့် ဧမွယ်တော်မူ ကြလေကုန်တော့၏၊ နယမ္ဗုမိ - နယသာဂရ နာမချီးကျူး အမည်ထူးလည်း ရှိပါပေထသော၊ ဉာဏသမုဒ္ဒဂေါစရံ ဉာဏ သာဂရ ဂုဏ်လျှံ့ပသည့် သဗ္ဗညုတရွှေဉာဏ်၏ ဂေါစရဂါမ်မှတ် သား ကျက်စာ ရာလည်း ဖြစ်တော်မူပါပေထသော၊ တော်ပဋ္ဌာန်း- အနုပ္ပကမ်း နည်းစုံပြွမ်းသည့် ကမ်းမမြင်ကျယ် ကျမ်းပင်လယ်မို့ နုနယ်သူ ဉာဏ်မှီသမျှပင် ကြံစည်၍မရနိုင်လောက်အောင် ဂမ္ဘီရ အရာ ပထမတန်းကို မဟာပဋ္ဌာန်းဆိုတဲ့ ရွှေကျမ်းတော်ကြီးကို၊ သဒ္ဒါယ စ - စက္ကဝတ်ဖျား မင်းတရား၏ ပတ္တမြား ရတနာ ကဲ့ ပမာလျှင် ရောင်ဝါရှိန်လျှပ် သဒ္ဒါဓာတ်ဖြင့်၎င်း၊ ပညာယ စ- ဓမ္မသတ္တ ချက်တိုင်းထိအောင် အသိဖန်မျိုး ဉာဏ်ရည်မျိုးဖြင့်၎င်း၊ မယံ - မသံဓစဲ ဌာန်းပွဲသဘင် စီစဉ်ဆောင်ရွက် အောင်ဂေဇက် ကို ပြောင်လက်လိုငြား ဘုရားတပည့်တော်သံဃာတော်အများ တို့သည်၊ ဘဏာမ - ပီပြင်ပြတ်သား ရွတ်ပွားသရဇ္ဈာယ်တော် မူကြပါကုန်စို့၊ ဘဏာမ - ပဋ္ဌာန်းရွတ်ရန် အချိန်တန်၍ ပြည့် အမတာ ဆုညွှတ်ထားကြ၍ ဗောဓိဉာဏ် ရင့်သန်ထွားလောက် အောင် ရွတ်ပွား သရဇ္ဈာယ်လိုက်ကြပါကုန်စို့ဘုရား။

ဥယျောဇဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဋ္ဌာန်း ဒေသနာတော်ကြီး

သုံးသပ် ရွတ်ဖတ်ခြင်း အကျိုး

ပဋ္ဌာန်း ဥဒ္ဒေသနှင့် နိဒ္ဒေသတို့ကို သုံးသပ် ရွတ်ဖတ်ခြင်း အားဖြင့် မျက်မှောက်ချက်ခြင်း အခါမလင့် အောက်ပါ ကောင်းကျိုးများ ရနိုင်ပေသည်။

(၁) ရင်ဆိုင် ကြုံတွေ့နေရသည့် ဘေးအန္တရာယ် အသွယ်သွယ်တို့ကို လွန်မြောက်နိုင်ခြင်း။

(၂) ကျရောက်လတ္တံ့သော ဘေးအန္တရာယ်တို့မှ ကင်းလွတ်နိုင်ခြင်း။

(၃) အပြစ်ကင်း၍ ကောင်းကျိုးပွားသည့် ဆောင်ရွက်ချက်ကိစ္စအဝဝတို့ကို ပြီးစီးအောင်မြင်နိုင်ခြင်း။

(၄) အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့် ကျူးလွန်ခြင်းတို့မှ ရှောင်နိုင် လွှဲနိုင်ခြင်း။

(၅) အချုပ်အားဖြင့် ဆောင်ရွက်သမျှ ကောင်းမြတ်သည့်ကိစ္စ ခပ်သိမ်းတို့ကို ပြီးငြိမ်း အောင်မြင်နိုင်ခြင်း။

(၆) အဆုံးစွန်သော ဘဝ၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း စသည့် အကျိုးတရားတို့ပင်တည်း။

အထက်ပါ ဖော်ပြချက်တို့ကို ပေါ်လွင်ထင်ရှားစေပါအံ့—

ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် ကဆုန်လပြည့် ဗုဒ္ဓဟူး နေ့၌ အပရာဇိတ ပလ္လင်ထက်ဝယ် မာရ်ငါးပါးကို အောင်တော် မူပြီးလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူသည်၊ "အနေကဇာတိ သံသာရံ" အစရှိသော ဥဒါန်းကို စိတ်တော်ဖြင့် ကျူးရင့်တော် မူသည်။

ပလ္လင်္ကသတ္တာဟ။ ။မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် အပရာဇိတ ပလ္လင်တော်ထက်ဝယ် ဘုရားဖြစ်ပြီးနောက် ထိုပလ္လင်တော်ထက်၌ ပင်လျှင် ဆက်လက်၍ ကဆုန်လပြည့် ကျော် ၁-ရက်နေ့မှ ၇-ရက်နေ့အထိ ၇-ရက်ပတ်လုံး သီတင်း သုံးတော်မူသည်၊ ဤသတ္တာဟ ပထမနေ့ နေ့အခါ၌ ဖလသမာ ပတ်ကို ဝင်စား၍နေတော်မူသည်၊ ညအခါ၌မူကား ဘုရားအဖြစ် သို့ရောက်အောင် ထောက်ပံ့သည့် ပဋိစ္စသမုပ္ပါဒ် တရားတော် ကြီးကို အနုလုံ, ပဋိလုံ, အပြန်အလှန် အဖန်ဖန် သုံးသပ်ဆင်ခြင် တော်မူပြီးလျှင် "ယဒါဟဝေ" စသော ဥဒါန်းသုံးဂါထာကို အသံမထွက် နှုတ်မမြွက်မူပဲ စိတ်တော်ဖြင့်သာ ကျူးရင့်တော် မူသည်၊ ဤနေ့ ညဥ့်ဦးယံ၌ ပဋိစ္စသမုပ္ပါဒ် တရားတော်ကြီး ကို အစဉ်အတိုင်း အနုလောမနည်းအားဖြင့် ဆင်ခြင်ပြီးလျှင် "ယဒါဟဝေ"ဟူသော ပထမဂါထာကို ဥဒါန်းကျူးရင့်တော် မူသည်၊ မဇ္ဈိမယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အပြန်အားဖြင့် ပဋိလောမ နည်း ဆင်ခြင်တော်မူပြီးလျှင် "ယဒါဟဝေ" ဒုတိယဂါထာကို ဥဒါန်းကျူးရင့်တော်မူသည်၊ ပစ္ဆိမယံ၌ ပဋိစ္စသမုပ္ပါဒ်တရား တော်ကို အနုလုံ, ပဋိလုံ အပြန်အလှန် ဆင်ခြင်တော်မူပြီးသော် "ယဒါဟဝေ"တတိယ ဂါထာကို ဥဒါန်းကျူးရင့်တော်မူသည်။

နောက် ၆-ရက်အတွင်းမှာမူ ဖလသမာပတ် ဝင်စားကာ နိဗ္ဗာန်ချမ်းသာဖြင့် စံနေတော်မူသည်၊ သတ္တမမြောက်နေ့ ညဉ့် ဦးပဌမယာမ်အစ၌ ဖိုလ်မှ ထတော်မူပြီးနောက် ညဉ့်သုံးယံပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အနုလုံ, ပဋိလုံ အပြန်အလှန် အဖန်ဖန် သုံးသပ်ဆင်ခြင်တော်မူသည်။

ထိုသို့ ၇-ရက်ပတ်လုံး ရွှေပလ္လင်တော်ထက်၌ စံနေတော်မူသဖြင့် ဤအပရာဇိတ ပလ္လင်တော်ကို "ပလ္လင်္ကသတ္တာဟ" ဟု ခေါ်ပေသည်။ (သတ္တာဟ ၇- ရက်)

အနိမိသသတ္တာဟ။ ။ထို့နောက် ပလ္လင်ပေါ်မှ သက်ဆင်းတော်မူပြီး ဗောဓိပင်၏ အနီး အရှေ့မြောက် ခပ်ယွန်းယွန်း ၁၄-လံကွာနေရာ၌ ကဆုန်လပြည့်ကျော် ၈- ရက်နေ့မှ ၁၄-ရက်နေ့အထိ ၇-ရက်ထပ်မံ၍ သီတင်းသုံးစံမြန်းတော်မူပြန်သည်၊ ဤနေရာကို ဒုတိယ သတ္တာဟဟု ခေါ်သည်၊ ရှင်တော်ဘုရားသည် "ငါသည် ပါရမီတော်များ ဖြည့်ခဲ့သဖြင့် ဤပလ္လင်ထက်၌ မာရ်ငါးပါးကို အောင်မြင်၍ ဘုရားဖြစ်ခဲ့ပြီတကား" ဟု ဆင်ခြင်တော်မူကာ ဖြောင့်ဖြောင့်မတ်မတ် ရပ်တော်မူ၍ အပရာဇိတပလ္လင်မြတ်ကို မမှိတ်သော မျက်စိဖြင့် ၇-ရက်ပတ်လုံး ရှုတော်မူပြီ-လျှင် စံနေတော်မူသည်၊ထို့ကြောင့်ပင် ဤဌာနကို "အနိမိသ သတ္တာဟ" ဟု ခေါ်တွင်သည်။ [အနိမိသ = (အ=မ။နိမိသ=မျက်တောင်ခတ်သည်၊ မျက်စိမှိတ်သည်) မျက်တောင်မခတ် မျက်စိမမှိတ်]

စင်္ကမ သတ္တာဟ။ ။ထို့နောက်တဖန် ၇-ရက်ထပ်မံ၍ ကဆုန်လကွယ်နေ့မှ နယုန်လဆန်း ၆-ရက်နေ့အထိ ရွှေပလ္လင်နှင့် အနိမိသဌာနအကြား ဗောဓိပင်၏ မြောက်

ဘက်၌ အရှေ့အနောက်သွယ်တန်းလျက် အတောင်ခြောက်ဆယ် ရှိသော နတ်တို့ ဖန်ဆင်းသည့် ရတနာစင်္ကြံတော်၌ လူးလာတုံ့ ခေါက် စင်္ကြံကြွကာ သီတင်းသုံးစံမြန်းတော်မူသည်၊ အနိမိသ သတ္တာဟဌာန၌ စံမြန်းတော်မူစဉ် နတ်, ဗြဟ္မာတို့၏ စိတ်ထဲ၌ "အရှင်ဂေါတမသည် ပလ္လင်တော်၌ တပ်မက်ခြင်း ရှိနေသေး သည်၊ ဘုရားအဖြစ်သို့ ဆုံးခန်းတိုင် ရောက်တော်မမူသေး" ဟု ယုံမှားသံသယဖြစ်ကြသည်၊ နတ်တို့၏ ယုံမှားသံသယဖြစ်နေသည် ကို သိတော်မူ၍ ထိုယုံမှားသံသယကို ပယ်ဖျောက်စိမ့်သောငှာ ရေအစုံ မီးအစုံသော ယမကပြာဋိဟာကို ပြတော်မူသည်၊ ရှင် တော်မြတ်ဘုရားသည် စင်္ကြံသွားတော်မူရင်းပင် တရားဆင်ခြင် တော်မူ၍သော်၎င်း၊ အရဟတ္တ ဖလသမာပတ် ဝင်စား၍သော် ၎င်း စံနေတော်မူသည်၊ ထိုသို့ စင်္ကြံသွားလျက် ၇ ရက် စံနေ သည့် ဌာနကို "စင်္ကမ သတ္တာဟ" ဟု ခေါ်သည်။

ရတနာဃရသတ္တာဟ။ ထို့နောက် ဗောဓိပင်၏ အနောက် မြောက်ဘက် အတောင် ၄၀ (၁၀-လံ) ကွာဝေးသော အရပ်၌ နတ်တို့ဖန်ဆင်းအပ်သော ရတနာရွှေအိမ် သို့ ကြွတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီးလျှင် နယုန်လ ဆန်း ၇-ရက်နေ့မှ ၁၃-ရက်အထိ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူလျက် ၇-ရက်တိတိ သီတင်းသုံး စံနေတော်မူ သည်၊ ဤသို့ ရှင်တော်ဘုရား ၇-ရက် ရတနာရွှေအိမ်၌ စံတော် မူနေသည်ကို "ရတနာဃရသတ္တာဟ" ဟု ခေါ်သည်။

ရှင်တော်ဘုရားသည် ဤ ရတနာဃရရွှေအိမ်၌ အဘိဓမ္မာ ၇-ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူရာ၌ ရှေးဦးခြောက်ကျမ်းဖြစ်

သော ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု ယမိုက်ကျမ်းတို့ကို ဆင်ခြင်တော်မူသောအခါ ရောင်ခြည်တော် များ ထွက်ပေါ်ကွန့်မြူးခြင်း မရှိသေးပေ။

အတုမဲ့တန်ခိုးတော် ဖြစ်ပေါ်လာခြင်း

ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ် ဆင်ခြင်တော်မူသော အခါမှသာ ရှင်တော်မြတ်ဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ်ကွန့်မြူးလာကာ အနန္တစကြ ဝဠာသို့ ပျံ့နှံ့ထွန်းလင်း လွှမ်းမိုးလာတော့သည်၊ ရှင်တော်မြတ် ဘုရား၏ ဉာဏ်တော်အနန္တကို ထင်ရှားပေါ်လွင်စေသည့် အခမ်း အနားကြီး ကျင်းပဘိသကဲ့သို့ ဖြစ်တော့သည်၊ ဉာဏ်တော် တန် ခိုးတော်တို့သည် တုမဲ့ကင်း ပြိုင်ဘက်ကင်းသည့် အထွတ်အထိပ် သို့ ရောက်ချေပြီဟု မရေတွက်နိုင်လောက်အောင် များပြားလှ သော နတ်, ဗြဟ္မာ အပေါင်းတို့သည် လှိုက်လှိုက်လှဲလှဲ ကြည် ညိုသဒ္ဓါ လွန်ကြူးစွာဖြင့် ခြေတော်ဦးခိုက် ပူဇော်ကြလေပြီ၊

ပဋ္ဌာန်း ဒေသနာတော်ကြီးကို သုံးသပ်မှသာ ဉာဏ်တော် အနန္တ၊ တန်ခိုးတော်အနန္တဖြစ်ကြောင်း ပေါ်လွင်လာပေသည်၊ နတ်ပရိသတ် ဗြဟ္မာပရိသတ်တို့ သိလာကြသည်။

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားဖြစ်သည်နှင့် တပြိုင်နက် တုဘက်ကင်း ပြိုင်ဘက်ကင်းသည့် ဉာဏ်တော်ရှင် တန်ခိုးတော် ရှင် အထွတ်အထိပ်သို့ ရောက်ခဲ့သည်ကား မှန်၏၊ သို့ရာတွင် ပဋ္ဌာန်းဒေသနာတော်ကြီးကို သုံးသပ်တော်မူသည့် အခါမှသာ ထိုသတ္တိများ ပေါ်လွင်လာပေသည်။

ပဋ္ဌာန်းဒေသနာတော်၏ မျက်မှောက်အကျိုး

သို့ဖြစ်သောကြောင့် "ကောင်းရာမြတ်နိုး၊ ကောင်းအောင်ကြိုးပမ်း" နေသူတို့အတွက် ကောင်းကျိုးတွေ ဖြိုးဝေအောင် တန်ခိုးရှိန်စော် အာနုဘော်တို့ တိုးစေသည့် ပဋ္ဌာန်းဒေသနာတော်ကြီးကို နေ့ညမပြတ် ရွတ်ဖတ် သရဇ္ဈာယ်ကြရပေမည်၊ သို့မှသာလျှင် မိမိတို့သန္တာန်၌ ကိန်းအောင်းနေသော ဉာဏအား, ကာယအား အစွမ်းသတ္တိတို့ ပေါ်လွင်မည်၊ ထွန်းတောက်မည်၊ ထက်မြက်မည်၊ ပေါ်လွင်‧ထက်မြက်သည့် ဉာဏ်အား, ကိုယ်အား, စိတ်အားရှိသည့်အတိုင်းလည်း မျှော်မှန်းသည့် ကောင်းကျိုးဟူသမျှ အခါမလင့် မျက်မှောက်ချက်ခြင်းပင် ဖြစ်ထွန်းကာ အောင်ပန်း ဆွတ်ခူးနိုင်ကြရပေမည်။

ထို့ကြောင့် ဖြူစင်ကောင်းမြတ်သည့် စေတနာရှင်တို့သည် မိမိတို့မျှော်မှန်းသော ကောင်းမြတ်သည့် ကောင်းကျိုးဟူသမျှကို မုချ အောင်မြင်ရရှိနိုင်ကြစေရန် ရည်သန်၍ ပဋ္ဌာန်းဥဒ္ဒေသ‧ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိတော်နှင့် နိဿယတို့ကို ဖြန့်ဖြူးလိုက်ရပေသည်၊ မမ္မပူဇာ အခါမလပ် ထက်ကြပ်မကွာ ပြုနိုင်ကြပါစေသတည်း။

ဘာမဆို အောင်ရမည်

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
စိတ္တဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။
ပညာဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒဝတော–ပြင်းပြသော အလိုဆန္ဒရှိသူအား၊ ကိံ နာမ - အဘယ်မည်သော၊ ကမ္မံ- အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ - မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ- မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

ဝီရိယဝတော-လွန်ကဲသော လုံ့လ ဝီရိယရှိသူအား၊ ကိံ နာမ- အဘယ်မည်သော၊ ကမ္မံ - အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ- မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ- မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

စိတ္တဝတော - ထက်သန်သော စိတ်ရှိသူအား၊ ကိံ နာမ - အဘယ်မည်သော၊ ကမ္မံ - အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ - မပြီးစီးပဲ ရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ - မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

ပညာဝတော - ထက်မြက်သော ပညာရှိသူအား၊ ကိံ နာမ - အဘယ်မည်သော၊ ကမ္မံ - အမှုကိစ္စ ဟူသမျှသည်၊ န သိဇ္ဈတိ - မပြီးစီးပဲရှိနိုင်ပါအံ့နည်း၊ သိဇ္ဈတိ ဧဝ - မုချအမှန် ကေန်ပြီးစီး အောင်မြင်ရမည်သာတည်း။

မ'ကိုဋ္ဌထွတ်ဦး အောင်ဆုထူး ဘုရားရှိခိုးတော်ကြီး

ဇယစက္ကော ဇယန္တော ယော၊
ဇယိတဗ္ဗေ ဇယာသနေ။
ဇယာပေသိ ဇယေသိနံ၊
ဇယံ ဒေတု ဇယုတ္တရော။

ယော ဇယစက္ကော - ပါရမီတော်ဆယ်ချက် အောင်လက်နက်ပိုင်ရှင် အကြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

ဇယာသနေ - အောင်သိဒ္ဓိ ဆင်မြန်းသည့် ပလ္လင်နန်း မှန်ကင်းအောင်ဗောဓိပင်ရင်း၌။

ဇယိတဗ္ဗေ - အောင်အပ်သည့်တရား မာရ်ငါးပါး အပေါင်းတို့ကို။

ဇယန္တော - အကြွင်းမဲ့ ချေမှုန်းလျက် ဖျက်ဖြုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေပြီ။

ဇယေသိနံ - မြတ်နိဗ္ဗာန် အောင်ခန်းနှင့် အောင်ဘိသိက် ပန်းမင် ဖိုလ်ကို မျှားထိုထို ဝဋ္ဋအတွင်းမှ လွတ်ကင်းအောင် အာသာကြီးဖြင့် ရှာမှီးကာ နေကြကုန်သူတို့အား။

ဇယာပေသိ-ကိုယ်တော်မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွတ်အငူ အမြိုက်ခေတ်သို့ ဆိုက်ကပ်တော် မူစေ၍ အောင်စေတော် မူလေပြီ။

ဇယုတ္တရော- အောင်သူတကာတို့၏ မှန်ကင်း အောင်ခြင်းတကာ
တို့၏ ဥသျှောင် ထွတ်ခေါင်မြတ် သရဖူ သယမ္ဘူမကိုဋ္ဌ
ထီး အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်ပေထသော။

သော ဇယစက္ကော - အလုံးစုံ အောင်ခြင်းနှင့် ပြည့်စုံတော်မူ
သော ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

မေ - မြတ်နိဗ္ဗူ အောင်ပန်းကို ဆွတ်ချူရန် လက်လှမ်း၍ ကြိုး
ပမ်းကာ အာသာကြီးဖြင့် ရှာမှီးသူ အကျွန်ုပ်အား။

ဇယံ - အောင်ခြင်းကို (ဝါ) အောင်ပန်းဝေဖြိုင် အောင်ဖူးတွေ
ကြိုင်လှိုင်သည့် အောင်သိဒ္ဓိ ပန်းခိုင်ကြီးကို။

ဒေတု - ပေးသနားတော်မူပါ အရှင်ဘုရား။

ပဋ္ဌာန်းပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပစ္စယုဒ္ဒေသ ပါဠိ

ဟေတုပစ္စယော

အာရမ္မဏပစ္စယော

အဓိပတိပစ္စယော

အနန္တရပစ္စယော

သမနန္တရပစ္စယော

သဟဇာတပစ္စယော

အညမညပစ္စယော

နိဿယပစ္စယော

ဥပနိဿယပစ္စယော

ပုရေဇာတပစ္စယော

ပစ္ဆာဇာတပစ္စယော

အာသေဝနပစ္စယော

ကမ္မပစ္စယော

ဝိပါကပစ္စယော

အာဟာရပစ္စယော

ဣန္ဒြိယပစ္စယော

ဈာနပစ္စယော

မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော
ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော
နတ္ထိပစ္စယော
ဝိဂတပစ္စယော
အဝိဂတပစ္စယောတိ

ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

ပဋ္ဌာန်း ၂၄-ပစ္စည်း အကျဉ်း ပြီး၏။

ပစ္စယနိဒ္ဒေသပါဠိ

၁-ဟေတုပစ္စယ

ဟေတုပစ္စယောတိ–

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

၂-အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ-

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ အာရဗ္ဘ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတ-
သိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာ-
ရမ္မဏပစ္စယေန ပစ္စယော။

၃-အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ-

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာ-
နဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ-
စေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ
အဓိပတိပစ္စယေန ပစ္စယော။

၄-အနန္တရပစ္စယ

အနန္တရပစ္စယောတိ-

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော-
ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန
ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ခန္ဓာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ခန္ဓာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သုဓမ္မဝတီ (က) ၁၅၄-၄

၅-သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ—

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

၆—သဟဇာတပစ္စယ

သဟဇာတပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န သဟဇာတ ပစ္စယေန ပစ္စယော။

၇·အညမညပစ္စယ

အညမညပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော၊
ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

၈-နိဿယပစ္စယ

နိဿယပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော၊

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တ-
ကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ
ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတု-
ယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စ-
ယော။

၉-ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယောတိ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသ-
လာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကု-
သလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာ-
ကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ
အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

၁၀-ပုရေဇာတပစ္စယော

ပုရေဇာတပစ္စယောတိ–

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိ ကာလေ ပုရေဇာတပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

၁၁-ပစ္ဆာဇာတပစ္စယ

ပစ္ဆာဇာတပစ္စယောတိ—

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

၁၂-အာသေဝနပစ္စယ

အာသေဝနပစ္စယောတိ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

၁၃-ကမ္မပစ္စယ

ကမ္မပစ္စယောတိ—

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

၁၄-ဝိပါကပစ္စယ

ဝိပါကပစ္စယောတိ—

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

၁၅-အာဟာရပစ္စယ

အာဟာရပစ္စယောတိ—

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော။

၁၆-ဣန္ဒြိယပစ္စယ

ဣန္ဒြိယပစ္စယောတိ–

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

၁၇-ဈာနပစ္စယ

ဈာနပစ္စယောတိ–

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာနပစ္စယေန ပစ္စယော။

၁၈-မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ-

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

၁၉-သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

၂၀-ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တပစ္စယောတိ-

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

၂၁-အတ္ထိပစ္စယ

အတ္ထိပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

၂၂-နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ—

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

၂၃-ဝိဂတပစ္စယ

ဝိဂတပစ္စယောတိ—

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

၂၄-အဝိဂတပစ္စယ

အဝိဂတပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရုပ် အညမည် အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတ-ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တ-ကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာ-နဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။

ပဋ္ဌာန်း ၂၄ ပစ္စည်း အကျယ် ပြီး၏။

၂၄-ပစ္စည်း အဓိပ္ပါယ် အကျဉ်း

ဟေတုပစ္စယော၊ ဟိတ် ၆-ပါးဖြစ်၍ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုတတ်သော တရား။

တနည်း–ပညောင်ပင် အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်အား မြဲမြံ ခိုင်ခံ့စွာ တည်စေခြင်းငှါ ကျေးဇူး ပြုသကဲ့သို့ (ဟိတ် ၆-ပါးသည် သမ္ပယုတ်တရားတို့အား မြဲမြံ ခိုင်ခံ့အောင် အမြစ်သဖွယ်) ကျေးဇူးပြုတတ်သော တရား။

(ကျေးဇူးပြုသည်ဆိုရာ၌ - မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း၊ ဖြစ်ပေါ်ပြီးကို တည်နေစေခြင်း၊ တည်နေသည်ကို တိုးပွားစေခြင်းတို့ပင်တည်း။)

အာရမ္မဏပစ္စယော၊ အာရုံ ၆-ပါးဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

တနည်း–ကြိုးတန်း တောင်ဝှေး အစရှိသည်တို့သည် မစွမ်းမသန်သော သူတို့အား ထခြင်း၊ ရပ်ခြင်း၊ သွားခြင်းကိစ္စကို ပြီးစေသကဲ့သို့ အာရုံသည် စိတ်စေတသိက်တို့အား ဖြစ်ပေါ်လာစေရန် ကျေးဇူးပြုတတ်သော တရား။

အဓိပတိပစ္စယော၊ အကြီးအမှူး ဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

တနည်း – စကြာဝတေးမင်းသည် အထွတ်အထိပ် အချုပ်အချာ အာဏာတန်ခိုးဖြင့် တပါးသောသူတို့၏ ကြီးသောသတ္တိကို တားမြစ်၍ တိုင်းနိုင်ငံသူ, နိုင်ငံသားတို့အား အကြီးအကဲအစိုးရသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (ပစ္စယုပ္ပန်တို့အား အကြီးအမှူးအဖြစ်ဖြင့်)ကျေးဇူးပြုတတ်သော တရား။

အနန္တရပစ္စယော၊ အခြားမဲ့ (တဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

တနည်း–စကြာဝတေးမင်း၏နတ်ရွာလားခြင်းသည် သားကြီး ရတနာအား မင်းအဖြစ် အဘိသိက်ခံခြင်းငှါ ကျေးဇူးပြု သကဲ့ သို့ အခြားမဲ့ အခြားမရှိ (တဆက်တည်း) ကျေးဇူး ပြုတတ် သော တရား။

သမနန္တရပစ္စယော၊ ကောင်းစွာ အခြားမဲ့ (တဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

တနည်း–စကြာဝတေးမင်း၏ အစည်ဝါသိ တောထွက်တော် မူ၍ ရဟန်းပြုခြင်းသည် သားကြီးရတနာအား မင်းအဖြစ်ကို ရစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကောင်းစွာ အခြားမဲ့ အခြား မရှိ ကျေးဇူးပြုတတ်သောတရား။

သဟဇာတပစ္စယော၊ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း–ဆီမီးသည် မီမီတောက်သည်နှင့် တပြိုက်နက် အတူ တကွ အလင်းကို ဖြစ်စေသကဲ့သို့ ထို့အတူ အကြောင်းတရား တို့သည် မိမိတို့ ဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ပစ္စယုပ္ပန် အကျိုးတရားတို့ကိုလည်း တပြိုင်နက် အတူတကွ ဖြစ်ပေါ်လာ စေအောင် ကျေးဇူးပြုတတ်သော တရား။

အညမညပစ္စယော၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြု တတ်သော တရား။

တနည်း – သစ်သားသုံးခွ တိဒဏ္ဍာသည် အချင်းချင်း ဟ ချောင်းသည် တချောင်းအား ထောက်ပံ့ခိုးစေခြင်းငှါ အပြန်

သုခမ္ဘဝတီ (ဟ.) ၁၅၄-၅

အလှန် ကျေးဇူးပြုသကဲ့သို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော တရား။

နိဿယပစ္စယော၊ မှီရာ တည်ရာ ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း – မြေကြီးသည် သစ်ပင် အစရှိသည်တို့အား မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မှီရာ တည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း – မိုးတွင်း သုံးလပတ်လုံး ရွာသော မိုးကြီးသည် ထိုမိုးကို မှီကုန်သော သစ်ပင် သတ္တဝါ အစရှိသည်တို့အား အားကြီးသော အကြောင်းအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ (အားကြီးသော အကြောင်းအဖြစ်ဖြင့်) ကျေးဇူးပြုတတ်သော တရား။

ပုရေဇာတပစ္စယော၊ ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း – ကမ္ဘာဦး၌ဖြစ်သော နေ့လ တို့သည် မိမိတို့ ထင်ရှားရှိခိုက် အလင်းကို မှီကုန်သော သတ္တဝါတို့အား ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ (ရှေး၌ဖြစ်နှင့်၍) ကျေးဇူး ပြုတတ်သော တရား။

ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

တနည်း–လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်း စေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသောကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

အရှင်ဗာကုလ ရဟန္တာ အလောင်းသည် မွေးခါစ နို့စို့အရွယ် အခါက သမုဒ္ဒရာအလယ်၌ ရေထဲသို့ကျသွားရာ ရေနစ်၍ မသေ၊ ထိုသို့ မသေရခြင်းမှာ နောင်အခါ ရဟန္တာဖြစ်ရမည့် သတ္တိက အရှင်ဗာကုလအား မသေစေရန် အကျိုးပြုသောကြောင့်တည်း။

အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ **ကျေးဇူးပြုတတ်သော တရား။**

တနည်း — ရှေးရှေး၌ ထုံအပ်သော နို့သာသည် နောက်နောက်၌ ထုံအပ်သော နို့သာအား အဆင်းအနံ့ လွန်စွာ တိုးပွားခိုင်မြဲစွာ ဖြစ်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့၎င်း ရှေးရှေး သင်အပ်သော ကျမ်းဂန်သည် နောက်နောက် သင်အပ်သောကျမ်းဂန်အား လေ့ကျက်ခြင်းငှါ အားရှိ၍ ကျေးဇူး ပြုသကဲ့သို့၎င်း၊ အဖန်တလဲလဲ မှီဝဲ ထုံအပ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

ကမ္မပစ္စယော၊ စိရင်ခြင်း သံဝိဓာနကိစ္စနှင့် မျိုးစေ့ ဖြစ်စေခြင်း ဗီဇနိဓာနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း – ကောင်းစွာ သိုမှီး သိမ်းဆည်း စီရင်အပ်သော မျိုးစေ့သည် အညှန့်အညွှန့်ကြောက်၏ ဖြစ်ခြင်းငှါ အမူအရာလုံ့လ၏ အဖြစ်ဖြင့် ကျေးဇူး ပြုသကဲ့သို့ မျိုးစေ့ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သောတရား။

ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

တနည်း—ချမ်းအေးသော လေသည် ချမ်းအေးသော အရိပ်၌ နေသောသူအား ချမ်းငြိမ်းစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့် (ငြိမ်သက်သည်ဖြစ်၍) အထောက်အပံ့ ပြုမှုဖြင့် ကျေးဇူးပြုတတ်သော တရား။

အာဟာရပစ္စယော၊ ထောက်ပံ့ ခိုင်ခံ့ စေတတ်သည် ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း — ထောက်ကန်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်စေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ (ထောက်ပံ့တတ်) ဆောင်တတ်သောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း — တနိုင်ငံ တပြည်တည်း၌ အသီးသီးဆိုင်ရာ ကိစ္စတာဝန်ကို ပေးအပ်ခံရသည့် အစိုးရသော လက်အောက်ခံမင်းတို့သည် (အချင်းချင်း ထိုအစိုးရသောသတ္တိကို မဖြစ်မူ၍) မိမိတို့၏ တာဝန်အရာ၌ အစိုးတရ ပိုင်ပိုင်နိုင်နိုင် ဆောင်ရွက်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

ဈာနပစ္စယော၊ ကပ်၍ရှုးရှုးစိုက်စိုက်ရှုတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

တနည်း—တောင်ဖျား သစ်ပင်ဖျားသို့ တက်၍ ကြည့်သော သူသည် အဝေးအနီး အရပ်တို့ကို မြင်ခြင်း, ထိုမြင်ခြင်း၌ အလိုရှိ

သောသူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သော အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

မဂ္ဂပစ္စယော၊ ထွက်မြောက်ကြောင်း နည်းလမ်းဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

တနည်း — ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ရင်း, ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသောသူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ရင်း ဘဝတခုမှာဘဝတခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရား။

သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

တနည်း — နို့ ရည်, ထောပတ်, ပျား, သကာ ဟူသော စတုမဓု အရသာသည် အချင်းချင်း နှီးနှောရောပြွမ်းသော အားဖြင့် ကျေးဇူးပြုသကဲ့သို့ အတူ ကွယှဉ်ခြင်းဖြင့် ကျေးဇူး ပြုတတ်သော တရား။

ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း — ခြောက်ပါးသော အရသာသည် အချင်းချင်း မနှီးမနှော မရောပြွမ်းသောအားဖြင့် ကျေးဇူး ပြုသကဲ့သို့ မနှီးမနှော မယှဉ်ခြင်းဖြင့် ကျေးဇူးပြုတတ်သော တရား။

အတ္ထိပစ္စယော၊ ပစ္စုပ္ပန်၌ ထင်ရှားရှိသဲဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

တနည်း– ဟိမဝန္တာတောင်မင်းသည် မိမိကိုမှီသောအားဖြင့် သစ်ပင် မြက်ပင် စသည်တို့အား ပြန့်ပွားစေခြင်းငှါ မိမိ ထင်ရှား ရှိနေခြင်းအားဖြင့် ကျေးဇူး ပြုသကဲ့သို့ ထင်ရှားရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရား။

နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သောတရား။

တနည်း – ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှါ ကျေးဇူး ပြုသကဲ့သို့ငင်း, ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းငှါ ကျေးဇူးပြုသကဲ့သို့ငင်း မရှိသောအဖြစ်ဖြင့် ကျေးဇူးပြုတတ် သောတရား။

ဝိဂတပစ္စယော၊ ကင်းမဲ့ ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြု တတ်သော တရား။

တနည်း – နေ၏ ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှါ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ် သော တရား။

အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

တနည်း–မဟာသမုဒ္ဒရာသည် မိမိကိုမှီကုန်သော ငါးမကာရ်း အစရှိသည်တို့၏ ပီတိသောမနဿ ပွာ ခြင်းငှါ မိမိ၏မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရား။

၂၄-ပစ္စည်း အစိပ္ပါယ်အကျဉ်း ပြီး၏။

ကိုးပါးသီလ

ဩကာသ ဩကာသ ဩကာသ ဘုရားတည်းဟူသောရတနာ၊ တရားတည်းဟူသော ရတနာ၊ သံဃာတော်မြတ်ရတနာ၊ ရတနာ သုံးပါး မိဘ ဆရာ ကျေးဇူးရှင်အပေါင်းတို့အား သုံးပါးသော ကံ သုံးတန်သော စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်ဆု သဒ္ဓါ ကြည်ညိုစွာဖြင့် ရိုသေစွာဖြင့် ရှိခိုးပူဇော် ဖူးမျှော်မာန် လျှော့ ကန်တော့လိုက်ပါ၏ အရှင်ဘုရား။

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။ (ဒုတိယမ္ပိ)(တတိယမ္ပိ) ဒမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်ဆို)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

(ဒုတိယမ္ပိ) (တတိယမ္ပိ) သံဃံ သရဏံ ဂစ္ဆာမိ။

သိက္ခာပုဒ်တော်

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ-ဂီတ- ဝါဒိတ- ဝိသုက- ဒဿန-မာလာဂန္ဓ- ဝိလေပန- ဓာရဏ- မဏ္ဍန - ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရနံ သမာဒိယာမိ။

မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ မေတ္တာသဟဂတေန စေတသာ၊ မေတ္တာစိတ်ဖြင့်။ သဗ္ဗပါဏဘူတေသု၊ အားလုံးသော (၇) ရက်သားသိမ်း- သတ္တဝါ အပေါင်း၏ အပေါ်၌။ ဖရိတွာ၊ မိမိ၏ ရင်ဝယ်သားကဲ့သို့ သနားချစ်ခင်သော မေတ္တာစိတ်ကိုပြန့်နှံ့၍။ ဝိဟရနံ၊ သူတော်ကောင်း သူမြတ်လောင်း ဝိဇ္ဇာဝိုရ် ပုဂ္ဂိုလ်ကျော် အပေါင်းတို့၏ စောင့်သုံး ကျင့်ကြံရာ အမှန်ဖြစ်သော မေတ္တာသမထ နဝင်္ဂသီလကို။ သမာဒိယာ မိ၊ ကောင်းစွာကျင့်သုံး ခံယူ ဆောက်တည် နေထိုင်ပါမည်အရှင်ဘုရား။

သစ္စာပြု

သုံးပါးသရဏဂုံ ကိုးစုံသီလ ဆောက်တည်ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့်–

၁။ မိုးသည် မှန်မှန်ရွာပါစေ၊
၂။ မင်းသည် တရားနှင့်အညီ ကျင့်ပါစေ၊
၃။ တိုင်းသူပြည်သားတို့သည် ငါးပါးသီလ မြဲပါစေ၊
၄။ သံဃာတော်အရှင်မြတ်တို့သည် သာသနာတော်ကို စောင့်ထိန်းတော်မူနိုင်ကြပါစေသတည်း။

ဆုတောင်း

၁။ သစ္စာပြုရ၊ မြတ်ပုညကြောင့်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါ နေသို့လင်းစေသော်။

၂။ သစ္စာပြုရ၊ မြတ်ပုညကြောင့်၊ ကိုယ်စိတ်နှစ်ဖြာ၊ လွန်ချမ်းသာ၊ ဘယာဘေးပေါင်း ကင်းစေသော်။

၃။ သစ္စာပြုရ၊ မြတ်ပုညကြောင့်၊ မကောင်းမိစ္ဆာ၊ အဖြာဖြာ၊ ကွယ်ကာပျောက်၍ သွားစေသော်။

၄။ သစ္စာပြုရ မြတ်ပုညကြောင့်၊ အမျိုးဘာသာ၊ သာသနာ၊ ပညာတန်ခိုး တောက်စေသော်။

၅။ သစ္စာပြုရ၊မြတ်ပုညကြောင့်၊ အောင်ဆုအမှန်၊ပြည်နိဗ္ဗာန်၊ လျင်မြန်ခဏ ရောက်စေသော်။

အသျှင်မေဓာဝီ(ပုပ္ပါး)

မေတ္တာဆောင် အောင်ရမည်

မေတ္တာသမထ ရှေ့လမ်းစဉ်

မေတ္တာပို့

က။ ဗုဒ္ဓမြတ်စွာ သာသနာ၊ ရောင်ဝါ နေသို့လင်းစေသော်။
ဗုဒ္ဓမြတ်စွာ သာသနာ၊ ကမ္ဘာနေသို့ လင်းစေသော်။
သိကြားပြဟ္မာ နတ်ဝိဇ္ဇာ၊ သာသနာကို မ,စေသော်။

ခ။ အရှေ့အရပ်မှာနေ၊ လူ့တိုင်းလူ့ရွာပြေ၊ရှိရှိသမျှသတ္တဝါ တို့မှာ ကိုယ်ရေးစိတ်ပါ ချမ်းသာ၍သာ ဆင်းရဲမရှိ၊ အတိသုခါ ဣစ္ဆိတံလိုရာပြည့်လို့ ချမ်းသာခြင်း လက်ငင်း ရပါစေ၊ အောင်စေ။

အနောက်အရပ်မှာနေ (လ) အောင်စေ။

မြောက်အရပ်မှာနေ (လ) အောင်စေ။

တောင်အရပ်မှာနေ (လ) အောင်စေ။

အထက်အရပ်မှာနေ (လ) နတ်တိုင်းနတ်ရွာပြည် အောင်စေ။

အောက်အရပ်မှာနေ (လ) ယမမင်းနှင့် ငရဲပြည် အောင်စေ။

ဂ။ ပုရတ္ထိမာယ ဒိသာယ၊ ဒသဒိသာ အရပ်ဆယ်မျက်နှာ ကျန်းမာ ချမ်းသာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းစေဘို့ရှာ၊ သုခိတာ ဒုက္ခိတာ ဘေးဘယာ ဝေးစွာ ရှင်းရှင်းကွာ ပို့တဲ့အေးမေတ္တာ။

ပစ္ဆိမာယ ဒိသာယ (လ) ပို့တဲ့အေးမေတ္တာ။
ဥတ္တရာယ ဒိသာယ (လ) ပို့တဲ့အေးမေတ္တာ။
ဒက္ခိဏာယ ဒိသာယ (လ) ပို့တဲ့အေးမေတ္တာ။
ဥပရိမာယ ဒိသာယ (လ) ပို့တဲ့အေးမေတ္တာ။
ဟေဋ္ဌိမာယ ဒိသာယ (လ) ပို့တဲ့အေးမေတ္တာ။

ဃ။ အရှေ့တိုင်းစကြဝဠာ နေကြတဲ့သတ္တဝါ ကျန်းမာ ချမ်းသာစေဘို့ရာ၊ ဝမ်းသာ လန်းဖြာစေဘို့ရာ၊ အောင်သပြေညောင်ရေလောင်းလို့ ဆုတောင်းအခါခါ၊ သပြေနုခက်အဝါ၊ ဇေယျာတုသဗ္ဗမင်္ဂလာ။

အနောက်တိုင်းစကြဝဠာ (လ ဇေယျာတုသဗ္ဗမင်္ဂလာ။
မြောက်တိုင်းစကြဝဠာ (လ) ဇေယျာတုသဗ္ဗမင်္ဂလာ။
တောင်တိုင်းစကြဝဠာ (လ) ဇေယျာတုသဗ္ဗမင်္ဂလာ။
အထက်တိုင်းစကြဝဠာ (လ) ဇေယျာတုသဗ္ဗမင်္ဂလာ။
အောက်တိုင်းစကြဝဠာ (လ) ဇေယျာတုသဗ္ဗမင်္ဂလာ။

င။ ကုန်းမှာနေ ကိုးကုဋေ၊ ရှိရှိသမျှ သတ္တဝါတွေ၊ ကိုယ်ရောစိတ်ပါ ချမ်းသာဘို့ပေ၊ အကျွန်ုပ်တို့ ပို့လိုက်တဲ့ မေတ္တာရေ၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်းကင်းငြိမ်းကြပါစေ၊ ကိုယ့်ကိုကိုယ်မှု နိုင်အောင်ရှု စောင့်ပြုနိုင်ပါစေ၊ အောင်စေ၊ အောင်စေ၊ အောင်ကြပါစေ။

ရေမှာနေ ဆယ်ကုဋေ။လ။အောင်စေ အောင်စေ အောင်ကြပါစေ။

ကောင်းကင်မှာနေ အနန္တာ။လ။ အောင်စေ အောင်စေ အောင်ကြပါစေ။

စ။ တနင်္ဂနွေ ပါရမီရှင်တွေ၊ ဘေးရန်ကင်းလို့ ရှင်းပါစေ၊ အောင်မြေနင်းလို့ လင်းပါစေ၊ သိဒ္ဓိဆောင်လို့ အောင်ပါစေ၊ ဆရာတော်ဘုရား၏ မေတ္တာရေ၊ စိတ်သာချ ဒိဋ္ဌဇီတံ မေ၊ အောင်စေ။

တနင်းလာ ပါရမီရှင်တွေ (လ) အောင်စေ။
အင်္ဂါ ပါရမီရှင်တွေ (လ) အောင်စေ။
ဗုဒ္ဓဟူး ပါရမီရှင်တွေ (လ) အောင်စေ။
စနေ ပါရမီရှင်တွေ (လ) အောင်စေ။
ကြာသပတေးပါရမီရှင်တွေ (လ) အောင်စေ။
ရာဟုပါရမီရှင်တွေ (လ) အောင်စေ။
သောကြာ ပါရမီရှင်တွေ (လ) အောင်စေ။
ခုနစ်ရက်သားသမီးပါရမီရှင်တွေ (လ) အောင်စေ။
တကမ္ဘာလုံးပါရမီရှင်တွေ (လ) အောင်စေ။

ဆ။ အောင်အရဟံ နမောဗုဒ္ဓါယ၊သိဒ္ဓိ ဘဂဝါ။(၃-ခေါက်ဆို) အောင်ဩဘာ၊ အောင်ခေမာ၊ အောင်ဇိနာ၊ အောင်လာဘာ၊ အောင်တေဇာ၊ အောင်ဗလာ၊ အောင်ရသာ၊ အောင်သုခါ။ (၃-ခေါက်ဆို)

အောင်–အောင်–အောင်၊ အောင်အတိတ် နှင့် အောင်နိမိတ်ကိုဆောင်၊ သာသနာလင်းဘို့ အရိပ်အရောင်၊

ဘယာကင်းဘို့ အတိတ်တဘောင်၊ ပဋ္ဌာန်း ဒေသနာ
တော်ကြောင့် အောင်။

အောင်–အောင်–အောင်၊ ဘိုးတော်အောင်မင်းခေါင်၊
မေတ္တာကိုလဲဆောင်၊ သစ္စာကိုလဲဆောင်၊ ချစ်သဒ္ဒါမြဲဘို့
အမှန်ဘဲ သူရှက်ဆောင်၊ ဘိုးတော် အောင်မင်းခေါင်၊
အောင်–အောင်–အောင်၊ နဝင်း အတိတ်နှင့် အလင်း
နိမိတ်ကိုဆောင် သာသနာပြုတဲ့တိုဘုန်းခေါင်၊ သာသနာ
ပြုတဲ့တို့ဘုန်းခေါင်၊သာသနာပြုတဲ့တို့ဘုန်းခေါင်၊ဦးချော်
နီက တည်ယောင်၊ အများသတ္တဝါတွေလဲ အောင်။

၉။ အောင်အရဟံနမောဗုဒ္ဓါယ၊သိဒ္ဓိဘဂဝါ။(၃-ခေါက်ဆို)
အောင်သြဘာ၊ အောင်ခေမာ၊အောင်ဇိနာ၊ အောင်လာ
ဘာ၊ အောင်တေဇာ၊ အောင်ဗလာ၊ အောင်ရသာ၊
အောင်သုခါ။ (၃ ခေါက်ဆို)

အောင် – အောင် – အောင်၊ ကြယ်ဝချမ်းသာအောင်၊
ဘေးရန်ကင်းလို့အောင်၊ ကြံတိုင်းအောင်၊ ဆောင်တိုင်း
အောင်၊ ဘေးမခ အေးမြပါလို့အောင်။

အောင်–အောင်–အောင်၊ မင်္ဂလာ၊ ကျက်သရေဆောင်၊
သီလရှိလျှင်အောင်၊ သစ္စာတည်လျှင်အောင်၊ ခန္တီထား
လျှင်အောင် မေတ္တာဆောင်လျှင်အောင်။(၃-ခေါက်ဆို)
တို့လူများညီညွတ်ပါ၊အောင်စခန်းနှင့် အောင်လမ်းသာ၊
စိတ်ချလို့ ဒိဋ္ဌပါ၊ တကယ်မဝေးဘူး အေးတော့မှာ။
(၃-ခေါက်ဆို)

တအိမ်လုံး၊ တရွာလုံး၊ တမြို့လုံး၊ တနိုင်ငံလုံး၊ တကမ္ဘာ
လုံး၊ သုံးကြ အေးလက်ဆောင်။

မေတ္တာပို့ဂါထာ

မဇ္ဈုသာလောကေ၊ သုဖုလ္လော ဟောတု သဗ္ဗဒါ။
မေတ္တာပုပ္ဖါ သုဂန္ဓေန၊ သုခန္တု ဝါသိတာ ပဇာ။

လောကေ - ငါတို့နေကြတဲ့ ကမ္ဘာလောကကြီး အတွင်း၌၊ မေတ္တာမဇ္ဈုသကော - သူတပါးတို့ စီးပွားချမ်းသာ မင်္ဂလာကို ကောင်းစွာလိုလားကြရာ သေချာခိုင်မြဲ မေတ္တာ တည်းဟူသော ကမ္ဘာ့ပန်းပင်ကြီးသည်၊ သုဖုလ္လော – အပြွတ်ပြွတ် ခူးဆွတ်မကုန် ဖူးငုံသွဲသွဲ ခိုင်ချင်းဖွဲ့လျက် နွဲ့တယိုင်ယိုင် အခိုင်ခိုင်လျှင် ကြိုင်လှိုင် လေလေ ပွင့်လန်းလေသည်၊ သဗ္ဗဒါ - အခါခပ်သိမ်း၊ ဟောတု - အိမ်တိုင်း ရွာတိုင်း မြို့ရွာတိုင်းမှာ အတိုင်းမသိလန်းဖြာ၍ ချမ်းသာစွာ ပေါ်ပေါက်ပါစေသတည်း၊ မေတ္တာပုပ္ဖါ သုဂန္ဓေန- မေတ္တာလှိုင်ပြန့် ပန်းရနံ့ဖြင့်၊ ဝါသိတာ- ထုံအပ်ပြီးကုန်သော၊ ပဇာ-ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများတို့သည်၊ သုခန္တု-ဘေးကြမ်းကင်း၍မို့ အေးချမ်းခြင်းရှိကြပါစေကုန်သတည်း၊ သုခန္တု- ဗမာနှင့်ရှမ်း-ရှမ်းနှင့်ဗမာ, ဗမာနှင့်ချင်း-ချင်းနှင့်ဗမာ, ဗမာနှင့် ကယား-ကယားနှင့်ဗမာ, ဗမာနှင့်မွန် မွန်နှင့်ဗမာ, ဗမာနှင့်ကချင်- ကချင်နှင့်ဗမာ, ဗမာနှင့်ကရင် ကရင်နှင့်ဗမာ, အစဉ်သာကြ၍ မင်္ဂလာ အထွေထွေ ကျက်သရေ တိုးပြီးလျှင် တက်နေတမျိုး ကမ္ဘာတွင်တိုးလို့မို့ ရာဇဝင် သာသနာဝင် တန်ခိုးအရှိန်မနွမ်းရ အောင် မစိုးရိမ်တန်းနေ၁် ညီညွှန်းအကို ဖြစ်ကြသည့်အတိုင်း ပြည်တွင်းဗဟိုမှာ အထူးထူးရန်တွေ အကုန်ပပြီးလျှင် တဦးနှင့်

တဦး မယုံရတဲ့ လက်နက်ထွေထွေ ပစ်ကားပယ်လျက် မေတ္တာ အသွယ်သွယ် တကယ်တည်ထောင်ပြုကြလျှင် ဟောဒီပြည်ထောင်စု မြန်မာနိုင်ငံတော်မှာ ပြိုင်စံ မပေါ်အောင် တန်ခိုးကြီးပြီးလျှင် တမျိုးပြီး တမျိုး အခြေအနေ မဆိုးတော့ဘဲ ရွှေမိုး ငွေမိုးတွေ အကုန်ရွာလျက် ဂုဏ်ပါဝါ အခြေအနေလမ်းပြီးလျှင် ရေချမ်း အိုးကြီးနှော် အသရေတည်လျက် ရွှေပြည်တော် ခရိုင်နယ်ပယ် မကျန် ဘေးကြမ်းကင်း၍မို့ ဟော… တို့တတွေမှာကွယ် အေးချမ်း ခြင်း ရှိကြပါစေကုန်သတည်း။

ပေါင်းစုဆင်နွှဲ

အနန္တငါးပါး အထူးပူဇော်ပွဲ

ပုပ္ပါးတောင်ကလပ် ကုမာရာ-ရာမကျောင်းတိုက်
ဦး စီးအုပ်ချုပ်မှုတာဝန်ခံ, အသျှင်မေဓာဝီ ၏

မွေးလ-မွေးရက်-မွေးနေ့ နယုန်လဆန်း ၆-ရက် ကြာသပတေးနေ့တွင်

ရက်မြတ်မင်္ဂလာ ကြုံကြိုက်လာသဖြင့်—

ယေ ဝုဒ္ဓါမပစာယန္တိ၊ နရဓမ္မဿ ကောဝိဒါ–ဟူ၍ရှင်း၊
အဘိဝါဒနသီလိဿ၊ နိစ္စံဝုဍ္ဎာပစာယိနော–ဟူ၍ရှင်း၊

ဟောဘော်ညွှန်ပြ ဗုဒ္ဓ၏အဆုံးအမကို ဦးထိပ်ပန်ဆင်လျက် မိမိတို့ကိုယ်ပိုင် အသိဉာဏ်ဖြင့် ပေါင်းစပ်၍ သီလ၊ သမာဓိ၊ ပညာ ဂုဏ်ရင့်ကျက်ပြီး အသက်ဂုဏ်ကြီးမြတ်သူ ရဟန်း၊ ရှင်၊ လူ၊ မိဘ-ဆရာသမား ဘိုးဘွားတို့အား ပစ္စည်း-ပစ္စယ် စားဖွယ်သောက်ဖွယ် အသုံးအဆောင်တို့ဖြင့် ပူဇော်ကန်တော့သူသည် (သက်ရှည်၊ ဆင်းလှ၊ ချမ်းသာရ၊ ကာယ၊ ဉာဏ်ပညာ) ဟူသော ကောင်းကျိုးချမ်းသာတို့ကို မဂ်ဖိုလ်ရသည်အထိ ခံစား စံစားရ၏ ဆိုသော ကောင်းကျိုးများကို မျှော်ကိုး တောင့်တလျက်၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ပိဋကတ်ကျမ်းစာ နေ့ဝါ၊ညဝါတို့ကို ကိုယ်တော်တိုင် ပို့ချသင်ကြားပေးလိုက်သော သက်တော်(၇၉) နှစ်၊ (သက်ရှစ်ဆယ်) ပြည့်ခါနီးအရွယ်ဖြစ်သော လက်ပံတန်းမြို့ (အဘိဓမ္မာညဝါပါရဂူ)ဝိဘာဝနီကျမ်းပေါင်း များစွာတို့ကို ပြုစုခဲ့သောအဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် သဒ္ဓမ္မော

ဒယဆရာတော်၊သက်တော်(၇၉)နှစ်၊(သက်ရှစ်ဆယ်)ပြည့်ခါနီး အရွယ် ဖြစ်သော ချောက်မြို့ မဟာလယ်တီတိုက် (သဒ္ဒပါရဂူ) ပဒဗျဉ္ဇနနိရုတ္တိနီတိကျမ်းပြု ကျေးဇူးရှင်မဟာလယ်တီ ဆရာတော်၊ ချော့တခါ ဝေါက်တလှည့်ဖြင့် ဒီဘောင်နှင့် ဒီအရောင်ကို ရောက် ရှိလာအောင် တရားပြ နှားချပေးလိုက်သော မကွေးတိုင်း နတ်မောက်မြို့နယ် စမ်းကန်တောင်ဘက်ကျောင်း 'ငယ်ဆရာ' ဆရာတော် ဦးပဏ္ဍိစ္စနှင့် ၎င်းရှာနေ မိဘနှစ်ပါးတို့အား ခန္ဓာကိုယ် ခန့်ကျန်းသည့်အခိုက် အနူးအညွတ် တွားဝပ်ကြည်ညို ပူဇော်ကန်တော့မည်ဖြစ်ပါ၍ အတိတ်၊ပစ္စုပ္ပန် နှစ်တန်ရေစက် နီးစပ်လျက် ရှိကြသော ပါရမီရှင် ဆွေမျိုးအပေါင်းတို့ လာရောက်ကြည်ညို ပူဇော်ကန်တော့ လှူဒါန်းကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

အနန္တဂုဏ် ကျေးဇူးအဟုန်ကို ယုံကြည်မြတ်နိုးရှိခိုးလျက်။

အသျှင်မေဓာဝီ
ဦးစီးအုပ်ချုပ်မှုတာဝန်ခံ
ကုမာရာ၊ရာမတိုက် ဘောင်ကလပ်
(ပုပ္ပါး)

အသျှင်ပဏ္ဍိစ္စဉာဏ
အထွေထွေတာဝန်ခံ
ကုမာရာ၊ရာမတိုက် တောင်ကလပ်
(ပုပ္ပါး)

သုခမ္မာဝတီ (က) ၁၅၄-၆

ပဋ္ဌာန်းတရား နှင့် ရွှေပုပ္ပါး

အကျိုးဆောင် တာဝန်ခံများ၊

အသျှင်ဇောတိက၊	အသျှင်ဝိမလ၊
အသျှင်နရိန္ဒ၊	အသျှင်ဣန္ဒြိယ၊
အသျှင်ခန္တီ၊	အသျှင်အာသဘ၊
အသျှင်တိက္ခ၊	အသျှင်သီလာစာရ၊
အသျှင်စန္ဒောဘာသ၊	အသျှင်နန္ဒောဘာသ၊
အသျှင်ပဏ္ဍဝ၊	အသျှင်တေဇိန္ဒ၊

အသျှင်ဣန္ဒာစက္က၊

၁။ ၁၃၄၁-ခု၊နယုန်လဆန်း(၆-၇-၈)ရက်များ၌သုံးရက်တိုင် ဘုရား(၉)ဆူဆွမ်းကပ်ပါမည်။

၂။ ၎င်းရက်များတွင် ညစဉ် ပရိတ်တော်နှင့် ပဋ္ဌာန်းတရားတော်များ ရွတ်ဘတ်ပူဇော်မည်။

၃။ နယုန်လဆန်း (၈)ရက်နေ့၊ နေ့လည် (၂) နာရီအချိန်တွင် ကျေးဇူးရှင်ဆရာသမား မိဘတို့အား ပူဇော်ကန်တော့မည်။

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ကလပ်၊

စမ္မမေတ္တာ အောင်မင်းခေါင်ရိပ်သာ ကုမာရာ·ရာမတိုက်

သာသနာပြုဆရာတော်အရှင်မေဓာဝီ၏

ပွေးငနှုတ်တွင် ကျင်းပဆင်ယင်အပ်သော အနန္တငါးပါးပူဇော်ပွဲ၊

အာစရိယ ဂြိ နမာမိ ထုတိမင်္ဂလာ

ပန်းချောက်သွာ

၁။ စမ်းကန်တိ ဂုယ ဂါမသ၊ ဒါရကာ စရိယော မမ။
အက္ခရာငဋ္ဌ လိခိတွာ၊ သိက္ခတိ ပုတ္တာ ဒါရကေ။

စမ်းကန်တိ ဂုယ ဂါမသာ· လမ်းအထွေထွေ၊ အရာရာခပင်းမှု၊ စမ်းရေကြွေ၊ အပြာပြာဆင်းခဲ့လို ကန်သင်းဖွဲ့ဒါ၊ မှန်းညာဏ်နဲ့ ပျော်ပြီး၊ စမ်းကန်လို့ခေါ်တဲ့၊ ဤရွာကြီး၏၊ သမီပေ· အနီး အစပ်၊ ချဉ်းကပ်လျက် ရှိပါသော၊ ဝိဟာရေ· ကပ်လာသမျှ၊ သပ္ပါယပျော်၊ မြတ်ကျောင်းတော်၌၊ ဝသင်္တော· သာယာရှင်ပြုံး၊ သီတင်းသုံးနေတော်မူလျက်၊ ပုတ္တဒါရကေ· ဂေါစရမှန်၊ ရွာစမ်းကန်မှ၊ အမှန်ပေါက်ဖွား၊ များပြားဘိတောင်း၊ သားငယ်·သမီးငယ်ကလေးအရွယ်၊ လူမမယ်အပေါင်းတို့ကို၊ အက္ခရဝဋ္ဋ· က၊ ကာ၊ ကား၊ ကွ၊ ခ၊ ခါ၊ ခါး၊ ဗျ· ဟ၊ များလှုယှဉ်သွင်၊ အက္ခရာပုဒ်အစဉ်ကို၊ ဖလကေ· တပေလောက်နီး၊ သင်ပုံးကြီး၌၊ လိခိတွာ· ကိုယ်ဘိရင်ဘိ၊ တိတိကျကျ မိမိရရ လက်ဆုပ်လကဲကိုင်၊ ရေးကာပြ၍၊ ဟေဌာဂဋ္ဌိ·ရှေးအခါက၊ ကလေးသဘာဝတို့ရဲ့၊

မင်္ဂလသုတ် ကျော့လုံးပုတ်၊ အဟုတ်နမက္ကာရ၊လာသမျှပရိတ်ကြီး၊ သီးသီးမြားမြောင်၊ ဇာတ်ကြီးဆယ်စောင် တည်းဟူသော အောက်ကျမ်းစောင်ကို၊သိက္ခတိ· တမင် အအား အစဉ်မထားဘဲ၊ သင်ကြားပြသတော်မူပါပေ၏၊ သော ထေရော · ထိုဇာတိချက် ကြွေ၊ မွေးရပ်နေငြား၊ ထေရ်ဘုရားသည်၊ မမ · မေဓာဝီဟူး နာမည်မှည့်ခေါ်၊ ဘုရားတပည့်တော်၏၊ ဒါရကာ စရိယော · တကယ်ပါစာရင်းစစ်တော့၊ ငယ်ဆရာအရင်း ဖြစ်ပါတော့သည် ဘုရား။

၂။ မဟာလယ်တီတိ ဝိသုတေ-ဒိဝါ စေရော မဟာစယော။
ရူပ သဒ္ဒနိတျာဒယော၊ နာနာဂန္ထေ ဂဏှာယတိ။

မဟာလယ်တီတိ ဝိသုတေ- မဟာလယ်တီ၊ မဟာလယ်တီဟူ၊ ကမ္ဘာချီအောင်၊အမည်ပညတ်၊ ဂုဏ်သကတ်တို့ဖြင့်၊ နှံ့စပ်အမော်၊ ပျံ့နှံ့ကျော်စောတော်မူပေထသော၊ အာရာမေ- ရေနံမြို့တော်၊ သောင်းလုံးကျော်သည့်၊ မြို့တော်ကိုမှီး၊ မွေလျော်ဘွယ်ကောင်း တဲ့၊ ကျောင်းတော်ကြီး၌၊ ဝသန္တော · ယာပထလေးလီ၊ မျှစုံ ညီ၍၊ မနသီရှင်ပြုံး၊ သီတင်းသုံးလျက်ရှိပါသော၊ မဟာစယော မှန်စွာနက်နဲ၊ ခက်ခဲပါစွ၊ မျှားလှဖုံဖုံ၊ ကျမ်းမျိုးစုံတွင်၊ စွယ်စုံပါ မောက်၊ ကဝိမြောက်အောင်၊ တတ်လောက်စရာ၊ အဖြာဖြာကို၊ မျှားစွာဆည်းပူး၊ အထူးလေ့လာ၊ ဝါသနာပါခဲ့ပါသော၊ မဟာ စေရော - ကျမ်းပြု အမော် မြတ်ဆရာတော်သည်၊ ရူပ သဒ္ဒနိတျာ ဒယော - ရူပသိဒ္ဓိ၊ သဒ္ဒနီတိ၊ အစရှိကုန်သော၊ နာနာဂန္ထေ · အထူး ထူးအပြားပြား၊ မျှားငြားပေကုန်၊ ကျမ်းမျိုးစုံတို့ကို၊ သောတုဇနာနံ - ပညာရင်နို့၊ သောက်စို့လာငြား၊ စာသင်သား

တို့အား၊ ဂဏ္ဍာယတိ- စေတနာအစင်ဖြူလျက်၊ သင်ယူစေတော်မူ၏၊ သောအာစေရော- အမှောင်ကိုခွင်း၊ အလင်းကိုဆောင်၊ နေရောင်ပမာ၊ သုံးဖြာပိဋကတ်၊ အရပ်ရပ်လှိုင်း၊ အမှောင်တွင်းမှ၊ အလင်းဉာဏ်ရောင်၊ တောက်ပြောင်စေခြား၊ ကျေးဇူးရှင် ဖြစ်တော်မူပါသော၊ ထိုမဟာလယ်တီ- ဆရာတော်ဘုရားကြီးသည်၊ မေ- မေဓာဝီဟု၊ နာမည်မှည့်ခေါ်၊ ဘုရားတပည့်တော်၏၊ ဒိဝါ စေရောနာမ- နေ့ဝါအကျော်၊ ဆရာတော်အစစ်၊ နံပါတ်တစ် ဖြစ်တော်မူပါသည်ဘုရား။

၃။ သဒ္ဒမ္မောတိဝိဇ္ဇာလယေ၊ ရဘျာ စေရော သနာယကော။
အဘိဓမ္မေ ဂမ္ဘီရေဝ၊ ဥဂ္ဂဟေသိ သ သိဿကေ။

သဒ္ဒမ္မောတိ ဝိဇ္ဇာလယေ - သူတော်မှန်ခြား မြတ်တရားကို ပွားစီးရာအစစ် ကေန်ဖြစ်၍၊ သဒ္ဓမ္မောဒယ အမည်ရလျက် ဝိဇ္ဇာဖုံဂုံ တတ်မျိုးစုံတို့၏ ခိုလှုံတည်ရာ ဝိဇ္ဇာလယ နာမဂုဏ် ဟိမ်း ဟက္ကသိုလ်ခေါ်သော ကျောင်းတိုက်တော်ကြီး၌၊ ယာ ေ ေန္တော ဂုရိယလေး မျှည်ရေးကို မျှော်တွေးထောက်ရှု အလေး ပြုလျက် နေပါထသော၊ နာယကော- ရှေးဆောင်အထူး အကြီ အမှူးလည်း ဖြစ်ပါကသော၊ (ဝါ) သဒ္ဓမ္မောဒယ မည်သာလျှ၍ ပညာ့ဗဟို တက္ကသိုလ်မည်သိး တိုက်တော်ကြီး၏ အမြဲမယုတ် ဦးစီးချုပ်လည်း ဖြစ်ပါထသော၊ မဟာစေရော- ကျမ်းပေါင်း များစွာ အဖြာဖြာကို ရေးသားပြုစု ကျမ်းပြုအကျော် မြတ် ဆရာတော်သည်၊ ဂမ္ဘီရေ - သမုဒ်ပင်လယ် ယုန်သူငယ်တို့ မှိုတွယ်မရ နက်နဲလှစွာသော၊ အဘိဓမ္မေ- ခြ ယ်အဆီ သိဂိရွှေ နွှက် မပျက်တည်ရာ ဘိဓမ္မာတို့ကို၊ သသ်ဿကေ - မိမိခြစ်

ခိုလှုံငြိတွယ် တပည့်ငယ်တို့ကို၊ ဥဂ္ဂဟေသိ- ပုံစံဇယား စာရင်း သား၍ ထင်ရှားမသေ့ သင်ယူစေတော်မူ၏၊ သော မဟာ စေရော · ဒွေလအရောင် အမှောင်ကိုခွင်း အတွင်းကိုဖောက် အလင်းရောက်သို့ ဘ်မှောခပင်း မှောင်တသင်းမှ အတွင်းကို ဖောက် အလင်းရောက်အောင် တောက်ပြောင်စေငြား ထို ဆရာတော်အရှင်မြတ်ဘုရားသည်၊ မေ· မေဓာဝီဟု နာမည်မှည့် ခေါ် ဘုရားတပည့်တော်၏၊ ရတ္တာစရိယော · ညဝါအကျော် ဆရာတော်အစစ်၊ ဖြစ်တော်မူပါသည်ဘုရား။

၄။ ကတညု ကတဝေဒီတိ၊ အဘိဇာနာမိ သော အဟံ။
တသ္မာ ပဋ္ဌိဝိဒိဿာမိ၊ ယာဝဇီဝံ ယထာဗလံ။

ဘန္တေ-အနန္တဂိုဏ်းဝင် ကျေးဇူးတော်ရှင် ဖြစ်တော်မူကြသော ဆရာတော်ကြီးများဘုရား၊ တုမှာကံ·သီလသမာ ကျင့်သိက္ခာနှင့် မှန်စွာပြည့်ငြား အရှင်ဘုရားတို့၏၊ ပါဒေ · ခြေတော်ပဒုံ စက် အစုံ၌၊ ဝ န္ဒေ္တာ · အမြဲမပြတ် ဆည်းကပ်ခိုလှုံလျက် နေခဲ့ပါ သော၊ သော အဟံ- တပည့်တို့ဝတ် မချွတ်မယွင်း မပျင်းမရှိ သတိမကွာ စေတနာ ဖြင့် သေချာစွာဆောင်ရွက်၍ နေခဲ့ပါသော ဘုရားဘပည့်တော်သည်၊ ကတညု · ပြုခဲ့ပေဘူး သူ့ကျေးဇူးကို အထူး သိတတ်ပါသည် ဘုရား၊ ကတဝေဒီ- ကျေးဇူးတုန့်ပြန် ဆပ်ရန်ကိုလဲ အထူးဘဲသိတတ်ပါသည် ဘုရား၊ ဣတိဝံ- ဤသို့ ကတညုတ ကတဝေဒီ စုံအညီကို ယုံကြည်သည့်အတိုင်း၊ အဘိ· ဇာနာမိ·လွန်လွန်ကဲကဲ အာရုံစွဲ၍ အမြဲဘဲသိနေပါသည် ဘုရား၊ တသ္မာ · ထိုသို့ ဆရာ ပြုဘူး ဂိုဏ်းကျေးဇူးကို အထူးဆပ်ရန် လိုအပ် ပြန်ပါသောကြောင့်၊ အဟံ - ဆရာတော်များ၏ တပည့်ရင်းဖြစ်

ပါသော တပည့်တော်သည်၊ ယာဝဇီဝံ - အသက်ရှည်သမျှ ကာလပတ်လုံး(ဝါ)ဇီဝနှင့်အတ္တ အတ္တနှင့်ဇီဝ တည်ရှိနေသမျှ ကာလပတ်လုံး (ဝါ) စိဝရနှင့် ကာယ ကာယနှင့် စိဝရ ဘဝင်ကျ၍ အညမည ဖြစ်နေသမျှ ကာလပတ်လုံး၊ ယထာဗလံ- စွမ်းအားရှိသလောက်၊ ပဋိဝိဒ်ဿာမိ- ကမ္ဘာမှာ မြေဇာတုံးသော်လည်း မဆုံးနိုင်တဲ့ ကျေးဇူးတော်ဂဇီပတ်တွေကို သိပါတ်တဲ့တပည့်အရပ် အနေဖြင့် တိမတ်စွာ ကြည့်ဆပ်ရပါတော့သည်ဘုရား။

ဆရာတော်ဦးမုနိန္ဒ
(သာသနဓဇသိရီ ပဝရ မဟာစရိယ)
မင်္ဂလာသာစည်တိုက်၊ချောက်မြို့။

အာစရိယ ဂုဏဝန္ဒနာ

ရစနာဂါထာပါဘုရား

ကာလော ဘန္တေ မဟာထေရာ၊ ပဋိဂ္ဂဏှန္တု ပူဇနံ။
ဂရု ဂုဏံ သရိတွာန၊ အယံ သိဿာ ဝန္ဒနာ။

ဘန္တေ မဟာထေရာ- ဦးမင်းရောင်နှင့် ဗိုလ်ချုပ်အောင်ဆန်း တင်လှမ်းစာမရှိ အာဇာနည်မြားမြောက် ထွန်းပေါ်ပေါက်သည့် နတ်မောက်နယ် အဝင်အပါ စမ်းကန်ရွာဂါမဠ္ဌာယာပထ မျိုးပျော် တောင်ကျောင်း ဆရာတော်ဘုရား။

ရပ်လေးမျက်နှာ မြို့ရွာရွာမှ ဝင်လာခိုနား စာသင်သားတို့အား သင်ကြားပို့ချ နည်းနာပြလျက် ပဒဗျဥ္ဇန နိရုတ္တိနီတိ ကျမ်းပြုအကျော် ချောက်မြို့ မဟာလယ်တီတိုက်တော်ကြီး၏ ဦးစီးပဓာန၊ မဟာနာယကဖြစ်တော်မူသော၊ သက်တော်ရှည်ဆရာတော်ဘုရားနှင့်—

လာဝင်မှီခို စာသင်ပျိုတို့ စာသဘင်တက္ကသိုလ် ခေါ်ဆိုထိုက်လှ အထက်တန်းကျသော လက်ပံတန်းမြို့ သဒ္ဓမ္မောဒယ ပဓာနနာယက ဖြစ်တော်မူသော ယမကတ္ထဝိဘာဝနီ ပဋ္ဌာနသာရဝိဘာဝနီ စသည်များစွာ ကျမ်းအဖြာဖြာတို့ကို ကောင်းစွာပြုစုတော်မူသောကြောင့် အဂ္ဂမဟာပဏ္ဍိတ ရာဇခပ်နှိပ် မင်းတံဆိပ်ကို ရောင်ဖိတ်လျှံလျှံ အလှူတော်မှန် အပူဇော် ခံတော်မူရသော ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ဘုရားကြီးတို့ဘုရား။

အယံ-မြတ်မွန် ဓာတ်သိုက် နဝင်းကြိုက်၍သိုက်မြိုက်စုံညီ ဘုရားတပည့်တော် မေဓာဝီ၏ မွေးလ မွေးရက် မွေးနေ့ ကျရောက်ရာ မင်္ဂလာရှိသော ဤအချိန်ကြီးသည်ကား၊ ကာလော- ငယ်ရွယ်စဉ်ကာလ စာသင်ဘဝက တနပဲ့ပြင် နည်းစုံလင်ဖြင့် သွန်သင်ဆုံးမ

ကျမ်းဂန်များကို ကိုယ်တော်တိုင် ဖွဲ့ချပေးခဲ့သော ကျေးဇူးတော် အစုံ ဂုဏ်တော်အဖြာဖြာကို ကောင်းစွာရည်စူးလျက် ညွှတ်ဦး တင်ကာ ရှိခိုးပူဇော် ကန်တော့ရသော အချိန်အခါကြီးပါဘုရား။

ဂရုဂုဏံ သရိတွာန- အတတ်လည်းသင် ပဲ့ပြင်ဆုံးမ သိပ္ပ မချန် ဘေးရန်ဆီးကာ သင့်ရာအင်ပို ဆရာတို့၏ တင်ရှိခဲ့ပေဘူး သော ကျေးဇူးတော်အစုံကို အာရုံမှန်းဆ သတိရလျက်၊ မမပူဇနံ- ဆရာသခင် ကျေးဇူးရှင်တို့ ခေါ်တွင်သညီ မေဓာဝီဟု ဘွဲ့မည်တွင် လစ် တပည့်ချစ်၏ သဒ္ဓါတရား ရွေးယံထားပြီး ညွတ်တွား ကော်ရော် တတ်နိုင်သမျှသော ဒါတပ္ပဝတ္တု အစုစုတို့ဖြင့် ပူဇော် ခြင်းကို၊ ပဋိဂ္ဂဏှန္တု- မြင်းမိုရ်မေရု နိုင်းတုမမှီ ဂုဏ်အလီလီကို မမှီနိုင်ရ တပည့်တော်၏ အနည်းငယ်မျှဖြစ်သော လှူဒါန်းဘွယ် အပေါင်းကို တပည့်ချစ်အား ငဲ့သနားသဖြင့် ညှာထားအမှန် အလှူခံတော်မူကြပါကုန်ဘုရား။(ဝါ) အနန္တဂုဏ် ရှိခဲ့ပုံကို အာရုံ စိတ်စေး မြင်ပျော်မတုံးလျက် ရှင့်ကျေးဇူးလျှင် ဆုံးမထင်မို့ မြပင်မရွှေ လှန်အောက်မေ့လျက် ယနေ့တွင်သော မင်္ဂလာဖြင့် ပညာပေးလစ် တပည့်ချစ်အား ငဲ့သနားသဖြင့် ညှာထားအမှန် အလှူခံတော်မူကြပါကုန်ဘုရား။

အယံဝန္ဒနာ- တပည့်ချစ်၏ မွေးနေ့အခါ မင်္ဂလာ၌ သဒ္ဓါ တက်ကြွ တတ်နိုင်သမျှဖြင့် ညွှတ်ခ ရိုကျိုး လက်စုံမိုးလျက် ရှိခိုး ကော်ရော် ပူဇော်ခြင်းသည်၊ သိဿဿ ဝန္ဒနာ- ကုဿရာရာမ မွမေတ္တာ တိုက်ရိပ်သာ၏ ပဓာန နာယကဖြစ်သော တပည့် တော် မေဓာဝီ၏ ကုမ်းဂန်အကြိုက် လမ်းမှန်လိုက်သဖြင့် ထိုက်သည့်အားလျော်စွာ ရှိခိုးကော်ရော် ပူဇော်ခြင်း ဖြစ်ပါ တော့သည်ဘုရား။

မမွာစရိယ-တပါ ရေးသားတင် ဆက်သည်။

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ကလပ်

ဓမ္မမေတ္တာ အောင်မင်းခေါင်ရိပ်သာ ကုမာရာရာမတိုက်

သာသနာပြု ဆရာတော် အသျှင်မေဓာဝီ

၏

မွေးနေ့တွင် ကျင်းပဆင်ယင်အပ်သော အနန္တငါးပါးပူဇော်ပွဲ

ထုတိမင်္ဂလာ ရတုပိုဒ်စုံ

[အချီညီ၊ အချညီ၊ ပဒညီ၊ ကာရန္တညီ]

မေဓာဝီတွင်၊ မြတ်သခင်ကား၊ ချစ်ရှင်သကျ၊ ဂေါတမ၏၊ ထွန်းပသာသနာ၊ ရောင်ဝေဖြ ၍၊ သာကေတမည်၊ ရပ်ဌာနီနှင့်၊ နှိုင်းညီတန္တု၊ ပမာပြုသား၊ ခေါ်မှုတွင်ကျယ်၊ နတ်မောက်နယ်တွင်၊ စင်ကြယ်သီလ၊ အာဇီဝဖြင့်၊ နေကြဖြာဖြာ၊ စမ်းကန်ရွာ၌၊ နာမာဝင်းထိန်၊ ဦးထွန်းရိန်ဟု၊ မည်ပြုသညာ၊ ဘပိတာနှင့်၊ ရှေးခါရေစက်၊ ပါရမီဖက်တည့်၊ စဉ်ဆက်မဝေး၊ ဒေါ်ဒေါ်ခွေးမှ၊ ခေါ်ရေးကောဇာ၊ ထောင့်နှစ်ရာနှင့်၊ နောက်မှာကိုးဆယ်၊ လေးခုဆွယ်သား၊ ချိန်ငယ်ခါကျ၊ နယုန်လ၏၊ ဆန်းထခြောက်ရက်၊ ကြွက်နေ့ဘက်တွင်၊ ဖွားသန့်စင်သည်၊ ထေရ်ရှင်မေဓာဝီပါဘုရား။

ဝေဖြာကြည်လင်၊ သဒ္ဒါရှင်သား၊ သုံးအင်မြတ်စွာ၊သာသနာကို၊ လွန်ကြည်ညို၍၊ မင်္ဂဖိုလ်မျှော်မှန်း၊ မြတ်ရဟန်းဟု၊ တင်လှမ်းသိက္ခာ၊ နှစ်ကောဇာကား၊ ကောတြိန္န၊ စုဒ္ဒသတည့်၊ မာသဆန်းထူး၊ လတန်ခူး၌၊ ရှင်မြူးကြည်လှင်၊ ဘိသိက်ယင်ခဲ့၊ စာပေ

သင်ရာ၊ ငယ်ဆရာအား၊ သညာနာမ၊ ဦးပဏ္ဍိစ္စတည့်၊ ထိုမှတပြာ၊ ရပ်မျှားစွာမှ၊ ဝင်လာခိုနား၊ စာသင်သား‌တို့၊ သင်ကြားပို့ချ၊ နည်းနာပြသည့်၊ ဂန္ထကရှိ၊ ချောက်လယ်ဘိနှင့်၊ အမည်ထွန်းပ၊ သဒ္ဒမ္မောဒယဟု၊ အဂ္ဂမဟာပဏ္ဍိတတွင်၊ စာပေသင်သည်၊ ကြည်လင်စေဖြာစည်ပါဘုရား။

ခေမာပြည်ခွင်၊ ပန်ဆုဆင်သား၊ ထေရ်ရှင်အသက်၊ မွေးနေ့ရက်တွင်၊ မပျက်ကြည်သာ၊ ငါးခန္ဓာတို့၊ ခိုင်မာတည်မြဲ၊ ကျန်းမာစဲ၍၊ ကတညုတ၊ ကတဝေဒီ၊ ဆပ်ဖို့ရည်လျက်၊ ကြည်လင်သဒ္ဒါ၊ စေတနာဖြင့်၊ သဒ္ဒါပွင့်ဆန်း၊ ပူဇော်ပန်းကို၊ ရှင်လန်းခါခါ၊ ပူဇော်ပါသား၊ မင်္ဂလာတွဲ၊ ဤအောင်ပွဲ၍၊ ဆင်နွှဲပြုရ၊ ဖို့ဘာဂကို၊ မျှားစွာဝေနေ၊ ရပါစေဟု၊ မျှဝေသွန်ချ၊ ဤပုညကြောင့်၊ ဘဝနောင်ခါ၊ သံသရာ၌၊ ပညာဂိက၊ သမ္ဗုဒ္ဓဆု၊ ယန်ဆင်ပြု၏၊ ကောင်းမှုကြည်လင်၊ ဇောအစဉ်သည်၊ ပြည်ခွင်ခေမာဆိပါဘုရား။

အရှင်ပညာနန္ဒာဘိဝံသ
သာသန မဇ္ဈိမ ပဝရဓမ္မာစရိယ ဒီဃနိကာယ
ပါဠိပါရဂူ ကာဗျဝိဒူ၊
မဟာဝိဇယာရာမ (ဂဏဝါစက)
ပခုက္ကူမြို့။

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ကလပ်
စမ္မမေတ္တာ အောင်မင်းခေါင်ရိပ်သာ ကုမာရာရာမတိုက်

သာသနာပြုဆရာတော်အရှင်မေဓာဝီ၏

မွေးနေ့တွင် ကျင်းပဆင်ယင်အပ်သော
အနန္တငါးပါး ပူဇော်ပွဲ အခမ်းအနား၌
ရန်ကုန်မြို့ စာရေးဆရာကြီး ဒဂုန် ဦးစန်းငွေ ကိုယ်တိုင်
ရေးသား ဖတ်ကြား ပူဇော်အပ်သော

ထုတိမင်္ဂလာ သြဘာစာတမ်း

ဘဝတုသဗ္ဗမင်္ဂလံ ဣမသ္မိံ ဒိဝသေ၊ ပုပ္ပါးတောင်မြတ်၊တောင်ကလပ်ဝယ်၊ စမ္မမေတ္တာ၊ အောင်မင်းခေါင်ရိပ်သာ၊ ကုမာရာရာမကျောင်းတိုက်၊ သာသနာပြုဆရာတော်၊ အသျှင်မေဓာဝီ၏ မွေးနေ့တွင်၊ အနန္တငါးပါးကို၊ ရည်စူးဦးခိုက်၍၊ သိုက်မြိုက်စွာ ပူဇော်၊ မင်္ဂလာသဘင်၊ ဆင်ယင်ကျင်းပရာဖြစ်သော၊ ဤ နေ့ ဤ အခါသမယ၌၊ သဗ္ဗမင်္ဂလံ-အလိုရှိအပ်၊တောင့်တအပ်၊ မြတ်နိုးအပ်သော၊ ဆုလာဘ်ကျက်သရေ၊ မင်္ဂလာအပေါင်းသည်၊ ဘဝတု-ဖြစ်ပါစေသတည်း၊ ဖြစ်စေသတည်း။

ရာဇာဝမိ ရာဇိန္ဒ၊ ဒေဝါဝမိဒေဝိန္ဒ၊ သက္ကာဝမိ သက္ကိန္ဒ၊ ဗြဟ္မာဝမိ ဗြဟ္မိန္ဒ၊ အနုတ္တရမှန်ကူ၊ သယမ္ဘူစေဘုရား၏၊ ရွှေနှုတ်တော်ကြာကုမုဒ်မှ၊ ဖွင့်ထုတ် ဟောကြားတော် မူအပ်သော၊ တရားအပေါင်းသည်၊ (သကလမ္ပိ ဗုဒ္ဓဝစနံ သဒ္ဓမ္မောနာမ)ဟူ၍၊ အဋ္ဌကထာဆရာ၊ အရှင်မြတ်တို့၊ မိန့်အပ်သည်နှင့်အညီ၊ (သဒ္ဓမ္မ)

မည်သည်ဖြစ်ပါကြောင်း၊ ယင်းသဒ္ဓမ္မဟု ဆိုအပ်သော၊ ဗုဒ္ဓ၏ တရားစကားတော်များကို၊ သင်္ဂါယနာတင်၊ အရှင်သူမြတ်တို့က-

တစ်-- ပရိယတ္တိသာသနာ၊

နှစ်-- ပဋိပတ္တိသာသနာ၊

သုံး-- ပဋိဝေဓသာသနာ ဟူ၍ အပိုင်းကြီး သုံးပိုင်း၊ ခွဲခြားမှတ်သားလျက်၊ သင်္ဂါယနာတင်တော်မူကြသည် ဖြစ်ပါကြောင်း။

ယင်းသာသနာသုံးရပ်ကို၊ ဥပမာအားဖြင့်၊ ထင်ရှားအောင် ပြဆိုရပါလျှင်၊ပရိယတ္တိသာသနာတော်မှာ ကန်ဘောင် ကန်သင်း ရိုးကြီးနှင့်၊ အလားတူ၍၊ ပဋိပတ္တိ သာသနာတော်က၊ ရေနှင့် အလားတူပြီးလျှင်၊ ပဋိဝေဓသာသနာတော်မှာမူ၊ စီရရီ စွင့်ရရွှင့်၊ စွင့်စွင့်ငါးငါး၊ ဖူးပွင့်နေကြသော၊ ကြာမျိုးငါးပါးနှင့် အလား တူသဖြင့်၊ ဤဥပမာကိုချင့်လျှင်၊ ကြာမျိုးငါးပါးနှင့် တင့်တယ် ခြင်း၏၊ အကြောင်းရင်းမှာ၊ ကန်ဘောင် ကန်ရိုး၌၊ တည်ရှိနေပုံ မှာ၊ အလွန်ထင်ရှားလှသည် ဖြစ်ပါကြောင်း။

ထို့အတူလျှင်၊ လူတို့ဥသျှောင်၊ မြတ်ဘုန်းခေါင် စောဘုရား၏၊ သုံးပါးသော သာသနာရောင်၊ တောက်ပြောင်ဝိုးဝင်း၊ အရှည် သဖြင့်၊ ထွန်းလင်းတည်တံ့နိုင်ခြင်း ဆိုသည်မှာလည်း-

ပရိယတ္တိနာမ သာသနဿမူလံ၊ ကျမ်းဂန်ဓမ္မစကာ်၊ မိန့်ဆိုချက် ရှိသည့်အတိုင်း၊ ပရိယတ္တိနာမ- ပါဠိအဋ္ဌကထာ၊ ဋီကာလက်သန်း၊ အကျမ်းကျမ်းတို့ကို ဖြန်းဖြန်းကျူးအောင် သင်ယူခြင်း၊ ပို့ချ ခြင်း မည်သည်ကား၊ သာသနဿ- သာသနာတော်၏၊ မူလံ- ကေန်စင်စစ်၊ ရေသောက်မြစ်ကြီးဖြစ်ပေ၏။

ထို့ကြောင့်- ပရိယတ္တိ အောက်ခြေ မခိုင်လျှင်၊ သာသနာတော်ကြီး၊ ယိမ်းယိုင်ပျက်စီး၍၊ ကွယ်ပသွားလိမ့်မည်ဟု၊ ဆိုခြင်းပင်ဖြစ်ပါကြောင်း၊ ယင်းသည့်အချက်ကို၊ အလေးအနက်၊ နှလုံးပိုက်တော်မူလျက်၊ ဆရာတော် အသျှင်မေဓာဝီသည်၊ ပရိယတ္တိ သာသနာတော်၊ စည်ပင်ထွန်းကားရန်အတွက်၊ ချောက်မြို့ မဟာလယ်တီတိုက်တော်ကြီး၌မဗ္မာစရိယ၊ဂဏဝါစကအဖြစ်ဖြင့်၊ရဟန်းတော် အထွေထွေ၊ သာမဏေအစားစားတို့အား၊ နေ့ဝါ ညဝါ၊ အခါမယွင်း၊ စာပေပို့ချတော်မူခြင်းအားဖြင့်၊ ပရိယတ္တိသာသနာကို၊ ထက်သန်သောစေတနာအလျောက်၊ပြုစုတော်မူခဲ့ပြီးနောက်။

ယခုအခါတွင်၊ မြင့်စွာ အခေါင်၊ တောင်တော် ရွှေပုပ္ပါး၌မွေလျော်ကာ၊ ပဋိပတ်အလုပ်ကို၊ ကိုယ်တော်တိုင် အားထုတ်တော်မူရင်း၊ သင်းပင်းခြွေရံ၊ နိုင်ငံပတ်ချာ၊ ရပ်တကာမှ၊ ရောက်လာကြကုန်သော၊ ယောဂီတို့ကိုလည်း၊ ပဋိပတ်ဓလေ့ကို၊လက်တွေ့ပြသ၊ ဩဝါဒပေးခြင်းအားဖြင့်၊ ပဋိပတ္တိ သာသနာတော် ပြုစုလျက် ရှိနေသည်ဖြစ်ပါကြောင်း။

ထိုသာသနာပြုဆရာတော် အသျှင်မေဓာဝီသည် ဗုဒ္ဓမြတ်ဘုရားဟောကြားတော်မူအပ်သော

ဒုလ္လဘတရားငါးပါးတွင်—

၁။ မနုဿတ္တဘာဝဒုလ္လဘ

၂။ ပဗ္ဗဇ္ဇိတဘာဝဒုလ္လဘ

၃။ သဒ္ဓမ္မသဝနံအဘိဒုလ္လဘံ

၄။ သဒ္ဓါသမ္ပတ္တိဘာဝဒုလ္လဘ

တည်းဟူသော အလွန်ရအပ်ခဲလှသည့် ဒုလ္လဘ လေးမျိုးကို ရရှိတော်မူသည့် အခိုက်တွင် (ပူဇာစ ပူဇနေယျာနံ)ဟူသော မင်္ဂလာတရားတော်အရ ပူဇော်အပ် ပူဇော်ထိုက်သော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပေကုန်သော—

၁။ လက်ပံတန်းမြို့ (အဘိဓမ္မာညဝါပါရဂူ) ဝိဘာဝနီကျမ်းပေါင်းများစွာတို့ကို ပြုစုစီရင်တော်မူသော အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် သဒ္ဓမ္မောဒယ ဆရာတော်ဘုရားကိုရင်း။

၂။ ချောက်မြို့ မဟာလယ်တီတိုက် (သဒ္ဒပါရဂူ) ပဒဗျူဉနနိရုတ္တိနိတ် ကျမ်းပြု ကျေးဇူးရှင် မဟာလယ်တီ ဆရာတော်ဘုရားကိုရင်း။

၃။ ငယ်စဉ်ကာလ တ,န ပဲ့ပြင် သွန်သင်ဆုံးမလာခဲ့သော နတ်မောက်မြို့နယ် စမ်းကန်တောင်ဘက်ကျောင်း ငယ်ဆရာတော် ဦးပဏ္ဍိစ္စကိုရင်း။

၄-၅။ စမ်းကန်ရွာ ကျေးဇူးရှင် မိဘနှစ်ပါးကိုရင်း၊ မိမိ၏ မွေးလ,မွေးရက်, မွေးနေ့ ကျရောက်သော ၁၃၄၁-ခုနှစ် ပွင့်သစ်ဖိုးကြွယ် စပယ်သင်းထုံသည့် နယုန်လဆန်း (၆)ရက် ကြာသပတေး နေ့မြတ်မင်္ဂလာ အခါတွင် အတိဂါရဝ သက္ကစ္စအမှုဖြင့် ပူဇော်ပွဲကြီး ပြုလုပ်မည် ဖြစ်ပါကြောင်း။

ဤသို့ ပူဇော်ထိုက်သူတို့အား အမှတ်တရ ပူဇော်မှုကို ပြုခြင်း အားဖြင့် သဗ္ဗေသင်္ခါရာ အနိစ္စာ၊ ယဒါ ပညာယ ပဿတိ- ပါဠိ ရွှေစာ ဒေသနာတော်အရ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူ သော အကြောင်းတရားလေးပါးသည် ပြုစီရင်အပ်သော သင်္ခါရ မှန်သမျှ၊ သက်ရှိ သက်မဲ့မကြွင်း ခပင်းဥဿုံ အလုံးစုံတို့သည် အရှည်စွဲ၍ တည်မြဲခြင်းသဘော မရှိကုန်၊ ပျက်စီးကြရမည် စင်းစင်း သို့ဖြစ်ခြင်းကြောင့် ဘုရားမှန်း တရားမှန်း သံဃာမှန်း မိဘမှန်း ဆရာသမားမှန်း သိတတ်သော ဘဝထူး ဘဝမြတ်ကို ရရှိအပ်သည့် အခိုက်တွင် ကောင်းသော အမှုကို ပြုထိုက်သည်၊ ဤသို့ပြုခဲ့သော်-

ယာဒိသံ ဝပ္ပတေ ဗီဇံ
တာဒိသံ ဟရတေ ဖလံ-ဟူ၍ရင်း
သဒိသံ ပါကံ ဇနေတိ-ဟူ၍ရင်း
ကလျာဏ ကာရီ ကလျာဏံ-ဟူ၍ရင်း

နှုတ်သံချိုမြ ဒေသနာတော်များအရ ကောင်းသောအမှုကို ပြုလျှင် ကောင်းသောအကျိုးကို ခံစားရမည်ဖြစ်သည်၊ မိမိမွေးနေ့ရောက် လေတိုင်းဖြစ်စေ၊ အခြားနေ့များတွင်ဖြစ်စေ အလှူရေစက် လက် နှင့်မကွာ ပြုကြကုန်လော့ဟူ၍ တိုက်တွန်းနှိုးဆော် အများ၏

ကောင်းကျိုးကို ရည်မျှော်၍ ကိုယ်တော်တိုင် လက်တွေ့ကျကျ ပူဇော်၍ ပြသည်ဟုလည်း ဆိုနိုင်ပါကြောင်း။

ပုဗ္ဗ ပဗ္ဗတ၊ ဗျူပ္ပတ္တိဖြင့် ပန်းတကာ့မြိုင် တောလုံးကြိုင်လျက် လှိုင်တပျံ့ပျံ့ ရနံ့ထူးခြား အံ့တပါး ဖြစ်ပေသော ဤပုပ္ပါး တောင်ကြီးနှင့် တောင်ကလပ်ကို စောင့်ကြပ်လျက်ရှိသော နတ်မြတ် တပသီ ဇော်ဂျီ ဝိဇ္ဇာ ထွက်ရပ်ပေါက် အောင်မင်းခေါင် အစရှိသော ဆရာကြီးများကို သက်သေထား၍ အနန္တငါးပါး ဦးထိပ်ထားကာ ပူဇော်သော သာသနာပြုဆရာတော်အသျှင်မေဓာဝီမှာ ရာကျော်သက်ရှည် လွန်အောင်တည်၍ ဘုန်းစည်မြတ်စွာ သာသနာတော်ရောင် ထိန်ထိန်ပလျှမ်းအောင် ရာသက်ပန် စွမ်းဆောင်တော်မူနိုင်ပါစေ။

ဘုန်းနှင့်သမ္ဘာ ဆိုရာမှာလည်း ရှေးခါတွင်ဘိ သီဝလိသို့ ပေါပြည့်လှူဒါန်း ဘုန်းပန်းပွင့်တော်မူပါစေ။

ပဋိပတ်အရာ ဆိုင်ရာမှာလည်း ရာဟုလာသား ကဲ့အလားသို့ တရားသိထင် နိဗ္ဗာန်နန်းသို့ ဖြောင့်တန်းစွာ ဝင်တော်မူနိုင်ပါစေ။

မေတ္တာနှင်း ဆုချွေလျက် ကျက်သရေဂုဏ်ပြု နှုတ်ခွန်းသံ ကဗျာညှုပြီးလျှင် ပတ္ထနာမှု သဘောအလာဖြင့် ဩဘာသံ ဟစ်ကြွေးလျက် လေးနက်စွာ ကောင်းကြီး ပေးအပ်ပါသည် ဘုရား....။

ဒဂုန်-ဦးစန်းငွေ

သုဓမ္မဝတီ (က) ၁၅၄-၇

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်ကလပ်

ဓမ္မမေတ္တာ အောင်မင်းခေါင်ရိပ်သာ ကုမာရာ·ရာမတိုက်

သာသနာပြုဆရာတော် အသျှင်မေဓာဝီ ၏

မွေးလ မွေးရက် မွေးနေ့တွင်

အနန္တငါးပါး ပူဇော်ပွဲ အခမ်း အနားဘွဲ့ (တေးထပ်)

ရန်ကုန်မြို့၊ စာရေးဆရာကြီး ဒဂုန်ဦးစန်းငွေ ရေးဖွဲ့ပူဇော်သည်။

မိုင်းမှုံဝေ- ချောင်အဆင့်တွေနဲ့- တောင်ပလ္လင့်ရှေယံ၊ ခေါင်သခင့်အမွေခံ၊ စေတမန်တပါး၊ မေဓာဝီ- ကပ်လုံး ကျော်သည်၊ မြတ်ဘုန်းတော် ကြီးပါပေ့ဘုရား။

မွေး လ ရက် စေ့အကြိုတွင်၊ မေ့မကုန်နိုင်အား၊ ကျေးဇူးဂုဏ် စံပြထားရပါတဲ့၊ အနန္တငါး ခြေတော်စုံ၊ ဦးခိုက်ကာ ယူမျှော်ရျှသာပ၊ ဂူတော်ရှေ့ စေ့မြွေဖုံဖုံ၊ ပူဇော်ပွဲဆင်သပုံမှာ၊ မြင်ရရှိသဒ္ဒါကြွပါရ၊ လာသမျှဖူးခွင့် ကြုံစေ၊ ထူးတင့်ပုံရွှေ၊ တောင်ကလပ် ပလ္လင့်ခြေမှာ၊ တင့်သရေ လွန်ကဲပါလှသလေး....၊ ရွှေကလပ်ပလ္လင့်တောင် မှာ သဘင့်ခေါင်- ပူဇော်ပွဲပါဘုရား့လေး....။

ဒဂုန် ဦးစန်းငွေ (ရန်ကုန်)

တောင်ကလပ်မှာ ခြိမ့်ခြိမ့်ညံ ဘာသံတဲ့လေး

အညာခန္ဓ၏ အမွေကို ခံယူရန် အညာမြေသို့ ရောက်သွားသည်နှင့်တူနေသည်၊ ၂၀-၅-၇၉ နေ့က ဖြစ်ပါ၏၊ အရေပြားများ အလွှားလိုက်၊ အလွှားလိုက် ကွာကျမတတ် အညာခန္ဓ၏ လက်ပွန်းတတီး ရင်းနှီးစွာ နှုတ်ဆက်ခြင်း၏ဒဏ်ကို ခပ်စပ်စပ်ကလေး ခံရပါတော့သည်။

နံနက် ၉-နာရီအချိန်လောက် ကျောက်ပန်းတောင်းမြို့သို့ရောက်ရှိသွားသောအခါ မြို့အဝင်တွင်ကြိုလင့်နေသူများက တစွင့်စွင့်နှင့် ရှိနေကြသည်။

— သင့်အတွက်ကြောင့် မီးမလာင်စေနှင့်။
— လမ်းသွားယင်း ဆေးလိပ်မသောက်ရ။
— တအိမ်လောင်က တရပ်ကွက်လုံး ပြောင်သွားမည်။
— တရပ်ကွက်လောင်က တမြို့လုံးပြောင်သွားမည်။
— ကျေးရွာမီးဘေး တားဆီးရေး။
— မနေ့ကာကွယ် မီးအန္တရာယ်။

ဤသည်တို့က ကျွန်ုပ်ကိုလှိုက်လှဲစွာ ကြိုပေကုန်၏၊ ပါတီယူနစ်စသော ကြီးကြပ်ကွပ်ကဲသူတို့အောက်မှကျောက်ပန်းတောင်းမြို့၏အသွင်ကို ဤသို့ ပီပီပြင်ပြင် မြင်တွေ့ရ၏၊ ဤတခေါက် ရောက်ရှိသွားရခြင်းကား နှလုံးတုန် ရင်ခုန်စရာကြီးပါတကား။

တင်မွေ ခေတ်ကြိုးသွယ်နေယင်း ခေတ်တိုင်ပေါ်မှလိမ့်ကျ၊ ဆေးရုံတင်၊ အခြေအနေ မကောင်း၊ အမြန်လာပါ..။

လုပ်သားသတင်းစာမှ တဆင့် ဖုန်းဆက်၍ အကြောင်းကြားခြင်း၊ ကြေးနန်းနှစ်စောင် ရိုက်ခြင်းတို့ကြောင့် ကျောက်ပန်းတောင်းသို့ မသွားလိုပဲလျက် အဆောင်းဆန့်ပြန်သည်၊ တင်မွေဆိုသူက လျှပ်စစ်ရုံးမှ အလုပ်သမား ကျွန်ုပ်၏ဘူ၊ သူ့ကြောင့်သွားရပါသတည်း။

ဆေးရုံသို့ရောက်သော် နံရိုးနှစ်ချောင်းကျိုး၊ သတိမရတချက်၊ ရတချက်နှင့် သက်ရှိလူနာကိုတွေ့ရ၏၊ ဆေးရုံ၏ထောင့်တနေရာဆီမှ-

— သေမင်းရေ မြန်မြန်လာပါတော့(အော်သံကြီးတခု)။

— မလာအားသေးဘူးဟေ့ (ဒုတိယအော်သံကြီးတခု)။

ကျွန်ုပ်လန့်ပြီး ကြောင်စီစီကြီး ဖြစ်သွားသည်၊ စုံစမ်းကြည့်သောအခါ "သစ်ပင်ပေါ်တက်၊ နွားစာအတွက် သစ်ရွက်ခူးရာမှ လိမ့်ကျသူက တယောက်၊ ထန်းရွက်ခုတ်ယင်း ထန်းပင်ပေါ်က လိမ့်ကျသူက တယောက်၊ နာကျင်ဒဏ်မခံနိုင်လွန်း၍ "သေမင်းရေ.. မြန်မြန်လာပါတော့" ဟူသော အော်သံကြီးကို ကြားရဖန်များ၍ နားငြီးသော လူနာက "မလာအားသေးဘူးဟေ့" ဟု အော်ပြော ခြင်း ဖြစ်ကြောင်း သိရတော့မှ "ဩော်" ဟူသော အာမေဍိတ်ဖြင့် အထိတ်ပြေသွားပါသည်။

မော်တော်ကားသည် ပုပ္ပါးတောင်ကြီးဆီသို့ ဦးတည်၍ ခုတ်မောင်းနေလေရာ ရှေ့တွင် မြင်နေရသော တောင်ကလပ်သည် ရုံခါ မြေကြီးထဲ မြုပ်မြုပ်သွား၏၊ ရုံခါတွင်မူ တရွေ့ရွေ့ မြေကြီးထဲကထွက်လာသလို ထင်ရသည်၊ သဘောမှာ လမ်းကစကား ပြောခြင်းပင်၊ အဆင်းတွေ့လျှင် တောင်ကလပ် ပျောက်သွားလေ၏၊ အတက်ကွေ့သော် ပြန်၍ပေါ်လာသည်၊

တောင်ကလပ်ကို ရောက်သည်အထိ လမ်း၏ ဝဲယာ အချို့အချို့သော နေရာများတွင် တွေ့ရသော "စိုက်ပျိုးရေး၊ မွေးမြူရေး၊ လေ့ကျင့်ရေး" ဟူသော ဆိုင်းဘုတ်များက ကျွန်ုပ်အား မျက်စပစ်ကြသည်၊ ကလူ၏သို့၊ မြူ၏သို့ လုပ်ကြသည်၊ ယခင်တပတ်က စိမ်းစိုစို နုဖပ်ဖပ် တွေ့ခဲ့ရသော သစ်ပင်တို့ကား ပူပြင်းလှသော နွေအောက်တွင် ဂုဏ်ရောင်မတောက် ညှိုးခြောက်ခြောက်နှင့် 'လူမြင်မခံဝံ့တော့သလို' ရှုံ့တွတွနှင့် မျက်နှာမလှ ရှိနေကြ

ကုန်သည်၊ ပြော်-သူတို့ခမြာတွေလဲ သွေးနှင့်ကိုယ် သားနှင့်ကိုယ် ပူရှာ အိုက်ရှာပေမှာပ။

— တလုပ်ကျေးဘူး သူ့ကျေးဇူး။
— ထိမ်းမြူးမသွေ သိတတ်စေ။

အရှင်မဟာသီလဝံသ၊ အရှင်မဟာရဋ္ဌသာရတို့၏ ဤသည့် ဆုံးမစာများကို ငယ်စဉ်အခါက စာအဖြစ် ငံခဲ့ရဘူး၏၊ တောင်ကလပ်သို့ ရောက်သွားသောအခါ မမျှော်လင့်ပဲ ရောမ ကျေးဇူး ဆပ်ပွဲကြီးကိုတွေ့ရတော့၏။

ထိုပွဲကား – ကုမာရ ရာမတိုက် နာယကဆရာတော် အရှင် မေဓာဝီက မိမိ၏ မွေးလ, မွေးရက်, မွေးနေ့ ကြုံသော အခါ သမယတွင် ကျေးဇူးရှင် မိဘနှစ်ပါးနှင့် တကွ ပညာမျက်စိ ပွင့်အောင် ဖွင့်ပေးတော်မူကြသော ငယ်ဆရာ စမ်းကန်ရွာဆရာတော် လက်ပံတန်းမြို့မှ အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မောဒယ ဆရာတော်၊ ချောက်မြို့မှ မဟာလယ်တီဆရာတော်ဘုရားတို့အား ဦးထိပ်ထား ကာ ပူဇော်သောပွဲကြီး ဖြစ်လေသည်၊ အာစရိယ ပူဇော်ပွဲမျိုးကို အများအားဖြင့် လူပုဂ္ဂိုလ်များသာ ပြုလေ့ရှိရာ နာယက ဆရာ တော်တပါးအနေဖြင့် အနန္တငါးပါးအား ဤသို့ပူဇော်သော ပွဲမျိုး ကား အလွန်တွေ့ရခဲ၏။

ဤ ပူဇော်ပွဲကြီးတွင် သဒ္ဓမ္မောဒယ ဆရာတော်ဘုရား (အဂ္ဂ မဟာပဏ္ဍိတ က သြဝါဒကား မြွက်ကြားခြင်း ပြုတော်မူမိ တနိုင်ငံလုံး ဘေးမသီ ရန်မခရအောင် မေတ္တာပို့သတော်မူလေ သည်ကား–

"အဂ္ဂမဟာ သေနာပတိ၊ ပမုခါ ရဋ္ဌဝါသိကာ။
အသောကာ နိဗ္ဗယာ ဟောန္တု၊ သင်္ဂါမေသု ဇယဒ္ဓဇာ"

အဂ္ဂမဟာ သေနာ တိပမုခါ- ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၊ အဂ္ဂမဟာ သေနာပတိ ဗိုလ်ချုပ်ကြီးဖြစ်ခဲ့ဘူးသည့် "သမ္မတကြီး ဦးနေဝင်း" အမှူးရှိသော သေနင်္ဗျူဟာ စစ်ဆင်ရာ၌ သေချာကျွမ်းကျင် အောင်ပွဲဝင်သည့် ရွှေခြသေ့ တရထည် အာဇာနည်ဖြစ်ရှောင်း ပြည်ချစ်စစ်သား ရဲဘော် စင်သည်တော် အပေါင်းတို့သည်လည်းကောင်း၊ ရဋ္ဌဝါသိကာ - ၊ ဥမ္မနှင့် ဆဋ္ဌသင်္ဂါယနာ တင်ရာအမှန် သုံးတန်သာသန ထွန်းပဘာရှည် မြန်မာပြည်၌ ခိုမှီပျော်ပါး ကယား၊ ကချင်၊ ချင်း၊ ကရင်နှင့်ရှမ်း၊ မွန်၊ ပလောင်၊ တောင်သူ၊ ရခိုင်၊ မြန်မာ အစဖြာသား များစွာ သောင်းသောင်း တိုင်းသူပြည်သား အပေါင်းတို့ သည်လည်းကောင်း အသောကာ- စားဝတ်နေရေး ဒုက္ခအေး၍ ကြံတွေးသမျှ လိုတိုင်းရလျက် မနုဥစ္စာ ပေါကြွယ်ကာဖြင့် ပူဗျာကင်းစင် စိတ်ကြည်လင်ကြကုန်သည်၊ နိဗ္ဗယာ-ရောဂါဘယ မီးမင်းစသား ဥပဒ္ဒဝ ကိုးမျိုး လူဆိုးရောင်စုံ သူပုန်လေရေ အထွေထွေမှ မသွေကင်းပ ချမ်းမြေ့ကြကုန်သည်၊ သင်္ဂါမေသု- ပြည်တွင်း ပြည်ပ နှစ်ဝယ်၌နှဲ့ စစ်ပွဲကြီးငယ် အသွယ်သွယ်တို့၌၊ ဇယဒ္ဓဇာ-ထိနာကင်းပ အောင်ပွဲရလျက် ကျွန်စိုက်ထောင် အောင်လံတံခွန် ရှိကြကုန်သည်၊ ဟောန္တု- ကမ္ဘာတုန်မျှ အံ့ချီးရအောင် မုချမသွေဖြစ်ကြပါစေကုန်သတည်း။

သဒ္ဓမ္မာဒယ ဆရာတော်ဘုရားက ဆက်၍မိန့်တော်မူပြန်သည့်ကား- "တို့နိုင်ငံမှာ တခြားနိုင်ငံတွေမှာလို သွေးချောင်းမစီးပဲ ချမ်းချမ်း သာသာ နေနိုင်တာဟာ စစ်သည်တွေကြောင့်ကွဲ့, ဒါကြောင့် သူတို့ကို အထူးပဲ မေတ္တာပို့ပေးရသကွဲ့" ဟူပေ၏။

ည ဖြစ်သော်လည်း တောင်ကလပ်မှာ မမှောင်၊ မီးရောင်အောက်တွင် လင်းထိန်နေသည်၊ စောစောပိုင်းအချိန်က ကြားရ

သော ဓမ္မ ဂီတသံများ၊ ပဋ္ဌာန်းရွတ်သံများ တိတ်ဆိတ်သွားပြီး နောက် ဆိုင်းသံဗုံသံများအလှည့်ရောက်လာသည်၊ အခြားသူများ က ထိုပူဇော်ပွဲအတွက် လှူဘွယ်ပစ္စည်းများဖြင့် ပူဇော်ကြသော်လည်း ကျောက်ပန်းတောင်းမြို့မှ စိန်မြခိုင် - စိန်မြဝင်း ညီနောင် မိသားစုတို့က မူ အငြိမ့်ဖြင့် ပူဇော်ကြလေ၏။

တောထဲပင်ဖြစ်သော်လည်း ပရိသတ်မှာ မြို့လောက်နီးနီးပင် ရှိချေ၏၊ အငြိမ့်စင်မှာ ဓမ္မာရုံ၊ ဓမ္မာရုံကြီးအာတွင်း၌ ကပြကြ၏၊ ထူးဆန်းသည်ကား အရပ် ၇ ပေကျော် ဇီးကွက်စိန်ဖြစ်လေသည်၊ ဇီးကွက်စိန်ကို ကိုဗျတ္တနှင့် မယ်ဝဏ္ဏ၊သားတော် ရွှေဖျဉ်းညီနောင် တို့က မြောက်ဘက်မှ ကြည့်ကြသည်၊ ပခန်း ကိုကြီးကျော်၊ မြင်းဖြူရှင်နှင့် အိမ်ဘွင်းခုနစ်ဖော်တို့က တောင်ဘက်မှ ကြည့်ကြ သည်၊ ပြဒါးဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတို့က အရှေ့ဘက်မှ ကြည့်ကြသည်၊ အငြိမ့်စင်မှာ သူတို့၏ မျက်စိရှေ့တွင် ရှိနေသော ကြောင့် ဇီးကွက်စိန်ကို အတိုင်းသား မြင်နေရ၏။

"သမီးရေ ထွက်ခဲ့ပါအုံးကွယ်၊ ဟောဒီမှာ ဧည့်သည်တွေက သမီးကို ကြည့်ချင်လို့တဲ့" ဟု ၁၂ နှစ်ရွယ် မင်းသမီးကလေးက ခေါ်လိုက်သောအခါ လူရှင်တော် တယောက်၏ ဂုတ်ပေါ် လူရှင် တော်တယောက်က ခွစီးပြီး ထမီကြီးဝတ်လျက် ဇီးကွက်စိန်ထွက် လာလေတော့ရာ ပရိသတ်မှာ ပက်တုတ်မရအောင် ဟာဝါးဝါး ဟားကုန်သတည်း။

ကျောက်ပန်းတောင်းအငြိမ့်မှာ အဆင့်မနိမ့်လှ၊ မျက်လုံးမိးပွင့်၊ နားခါးစေသော အကမျိုး၊ အဆိုမျိုး မတွေ့ရ၊ ခေတ်မီမီ ပြက်လုံးများ ထွင်တတ်ပုံမှာ ဇီးကွက်စိန်ဖြင့် ထင်ရှားစေသည်။

သာသနာ့ပြုဆရာတော် အရှင်မေဓာဝီ၏ အနန္တငါးပါးပူဇော် ပွဲနှင့် ကြုံကြိုက်ခဲ့စွာ ကြုံလှာသည့် အခိုက်တွင် ရတ်ခြည်း တေး

ထပ်တပုဒ် "မသိုးသက်နိုးရက်နည်းမျိုး" သီကုံးပြီး မင်းသမီးကို သီဆိုစေခြင်းအားဖြင့် ပူဇော်ခဲ့ရတော့၏၊ယင်းတေးထပ်မှာအဆင့်မမြင့်လှသော်သည်း စည်းကိုက် ဝါးကိုက် ဆို၍ ရပေ၏။

အနန္တငါးပါးပူဇော်ပွဲ ဘွဲ့တေးထပ်

"မှုန်ပြာရီ - ချောင်အဆင့်တွေနဲ့၊ တောင်ပလ္လင့်ရွှေ့ယံ၊ခေါင်သခင့် အမွှေခံ၊ စေတမန်လေလား။ ။မေဓာဝီ့-ကပ်လုံးကျော်သည်၊ မြတ်ဘုန်းတော် ကြီးပါပေ့ ဘုရား။ ။မွေးလဲ-ရက်-နေ့အကြုံတွင် မေ့မကုန်နိုင်အား၊ကျေးဇူးဂုဏ်စံပြုထားရပါတဲ့၊ အနန္တငါးခြေတော်စုံ။ ။ဦးခိုက်ကာ ဂူတော်ရွှေမှာလ၊ ပူဇော်၍ ဝန်းပတ်ဗိုလ်ပုံ။ ။ပွဲတော်ကြီးဆင်သပုံမှာ၊ မြင်ရရုံ သဒ္ဓါကြွပါရ၊ လာသမျှ ဖူးခွင့်ကြုံစေ၊ ဖူ ပွင့်ငုံဝေ။ ။တောင်ကလပ် ပလ္လင့်ခြေမှာ၊ တင့်သရေ လွန်ကဲလှလေး"။

ကျွန်ုပ်တို့ညီနောင်၏နောက်တွင် မင်းညီနောင် မိသားစု လေးယောက် ရပ်ကြည့်နေလျက်ရှိသည်။ ကျွန်ုပ်သည် အငြိမ့်ကြည့်နေယင်းမှ သဒ္ဓမ္မောဒယ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဟောကြားသွားသောစကားကို နားထဲက မထွက်၊ "ဝိဇ္ဇာတွေ့ ဇော်ဂျီတွေ့ နတ်တွေကိုချည်း အားကိုးမနေကြနှင့်၊ အတ္တာဟိ အတ္တနောနာထောလို့ ဘုရားသခင်က ဟောတော်မူသွားတာ ရှိတယ်၊ ကိုယ့်ကိုယ်ကို အားကိုးကြ၊ ကြိုးစားကြ၊ လုပ်ကြ ကိုင်ကြ၊ ဘာမှမလုပ်ယင် ဘယ်နတ်ကမှ လာမမှာမှုတ်ဘူး" ဟူပေ၏။

ဒဂုန်-ဦးစန်းငွေ။

မိုးထိမြင့်မား တောင်ပုပ္ပါးနှင့်

ဘုရားကျောင်းကန် စေတီရန်လျက်

သွယ်သွယ်ရှုခင်း သာယာလျှင်းသည့်

စကားဝါမြေ ဒို့ဌာနေကို

သင်လည်းပန်းဖြေ လာနိုင်စေ

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ်-၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။